Bibliographic Data

Author	ဇော်ဂျီ	Zawgyi	Jo‘ gi	**Art.** ZG0013A
Article Title	ရှေးဦး မြန်မာရာမအဖွင့် (Exposition of Myanmar Ramayana) Rhe" u¯ Mran‘ma¯ Ra¯ma a phvan‘'			
Title (Book/Serial)	ဆရာဇော်ဂျီစာပေါင်းချုပ် ၊ အတွဲ ၁ Collected Works of Saya Zawgyi, Vol. 1			
Issue and Volume				
Edition				
Place/ Publisher	Union of Myanmar Literary and Journalist Organization			
Distributor				
Ed. Date	1993			
Pagination	p. 105 - 156			
Annotation	The story of Rama was known in Bagan period according to evidence in Nathlaung Kyaung. It may at one time have been a Hindu temple as well as Phetleik Pagoda. In the 18th century Thai artists brought from Ayudhaya introduced the Thai Ramayana Court Drama. An early version of Myanmar Ramayana is the poem Rama Thagin by U Aung Phyo composed in the 18th century. It was written in prose by an anonymous author and entitled Maharama early in the 19th century.			
Subject Terms	1. Myanmar Ramayana			
Key Words				

ရှေးဦးမြန်မာ ရာမအဖွင့်

ယခုအခါတွင် ရာမဝတ္ထုတစ်ပုဒ်ကိုတွေ့ခဲ့ပြီဖြစ်ရာ ထိုရာမစကားပြေကို အကြောင်းပြုလျက် မြန်မာရာမသည် ခရစ်သက္ကရာဇ် ၁၇ ရာစု၌လည်းကောင်း၊ ဦးအောင်ဖြိုး၏ ရာမ သာချင်းကဗျာကို အကြောင်းပြုလျက် ၁၁၃၇ ခုနှစ် (၁၇၇၅) ၁၈ ရာစု၌ လည်းကောင်း ရှိခဲ့ကြပြီဟု ဆိုနိုင်ပါသည်။

သို့ရာတွင် မြန်မာဘာသာ အပြောအဟောဖြင့်ကား ၁၁ ရာစုနှစ်၊ ပုဂံ အနော်ရထာမင်း လက်ထက်မှစ၍ (၀၁) လွန်ခဲ့သော အနှစ် ၉၀၀ ကျော်မှစ၍ မြန်မာနိုင်ငံ၌ ရှိခဲ့သည်ဟု ယူနိုင်ပါသည်။ ယူနိုင်ကြောင်းကို ရှေးဟောင်း သုတေသနပညာ အထောက် အထားဖြင့် လည်းကောင်း၊ ကျောက်စာ အထောက်အထားဖြင့် လည်းကောင်း သက်သေထူနိုင်သည်။ ထိုအထောက် အထားများကို သုတေသီအချို့၏ စာတမ်းများ၌ ဖော်ပြကြပြီးဖြစ်သည်။ သို့ရာတွင် ထပ်၍ရှင်းပါရစေဦး။

ရှေးဟောင်း သုတေသနပညာအရ ပုဂံမြို့ဟောင်း မြို့ရိုးအတွင်း နန်းတော်ရာအနီးရှိ နတ်လှောင်ကျောင်းကို လည်းကောင်း၊ ပုဂံ သီရိပစ္စယာအရပ်ရှိ ဖက်လိပ်စေတီကိုလည်းကောင်း ထောက်ပြလိုပါသည်။ နတ်လှောင်ကျောင်းကို အနော်ရထာမင်းကြီး တည်ခဲ့သည်ဟု ယူဆကြသည်လည်း ရှိသည်၊ အနော်ရထာမင်းကြီး မတိုင်မီကပင် တည်ခဲ့ပြီးဖြစ်သည်ဟု ယူဆကြသည်လည်း ရှိသည်၊ နတ်လှောင်ကျောင်းသည် ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်ကြသော ဗိဿနိုးနတ်ဘုရား တန်ဆောင်းဖြစ်သည်၊ ထိုတန်ဆောင်း၏ အပြင်နံရံပတ်လည်တွင် ဗိဿနိုး၏အဝတာရ ကိုယ်ပွားတော် ၁၀ ပါးဆိုင်ရာ တမော့ရုပ်များကို ခင်းကျင်းထားခဲ့သည်။ ထိုအဝတာရ ၁၀ ပါးတွင် ရာမစန္ဒရပါသည်။ ရာမစန္ဒရသည် ဝါလမိကီ၏ ရာမာယဏ ကဗျာထဲက ရာမမင်းဖြစ်သည်။ တစ်ဖန် အနော်ရထာမင်းကြီး အမြတ်တနိုး ကိုးကွယ်တန်ရာ၏ဟု ယူကြသော ဖက်လိပ်စေတီလည်း ရှိသေးသည်။ ထိုစေတီတွင် ဧကာဒသနိပါတ်၊ ဒသရထဇာတကမှ ရာမမင်းဇာတ်ကို ရုပ်ကြွအုပ်ချပ်ဖြင့် တန်ဆာဆင်ထားခဲ့သည်။ ထိုအခါ ရာမနှစ်မျိုးသည် ပုဂံခေတ်၌ စင်ပြိုင် အထင်အရှား ရှိနေသည်ဖြစ်ရာ ရဟန်းဆရာ၊ လူဆရာတို့သည် ငါးရာ့ငါးဆယ် နိပါတ်ထွက် ရာမနှင့် ဝါလမိကီ၏ ရာမာယဏ ကဗျာထွက် ရာမတို့အကြောင်းကို ခွဲခြား၍ ပြောဟောကြရမည်သာ ဖြစ်သည်။ ထိုသို့ ပြောဟောကြရာတွင် နိပါတ်ထွက် ရာမသည် ဗာရာဏသီကဖြစ်၍ ရာမာယဏထွက် ရာမသည် အယုဒ္ဓယက ဖြစ်ကြောင်းကို လည်းကောင်း၊ နိပါတ်ထွက်ရာမ၌ မျောက်တို့၊ ဘီလူးတို့ မပါကြောင်းကို လည်းကောင်း၊ ရာမာယဏထွက်ရာမ၌ ဟနုမန်တို့ ဒသဂီရိတို့ပါကြောင်းကို လည်းကောင်း၊ နိပါတ်ထွက်ရာမသည် အနိစ္စတရားကို ဟော၍

ရာမာယဏထွက်ရာမသည် ဓမ္မနှင့်အဓမ္မတို့၏ တိုက်ပွဲတွင် နောက်ဆုံး၌ အဓမ္မသာလျှင် ကျဆုံးရမြဲဟု ဟောကြောင်းကို လည်းကောင်း ထည့်ပြောကြ တန်ရာသည်။

ကျောက်စာအထောက် အထားဆိုသည်မှာ ကျန်စစ်သားမင်းကြီး၏ ပုဂံမြကန် မွန်ကျောက်စာနှင့် သထုံခရိုင် ကျိုက်တလန် မွန်ကျောက်စာတို့ဖြစ်သည်။ ထိုမွန်ကျောက်စာနှစ်ခုတွင် ကျန်စစ်သားမင်းကြီးသည် မိမိ၏ အတိတ်ဘဝတို့ကို ဖော်ပြ ကြေညာခဲ့သည်၊ အတိတ် ဘဝ တစ်ခုတွင် မိမိသည် အယုဒ္ဓယပြည့်ရှင်ရာမမင်း၏မိသားစု၌ ဖွားသန့်စင်ခဲ့ဖူးကြောင်း၊ ထိုအခါကသော် မိမိသည် ရန်စစ်ကြီးတစ်ခုကို အောင်နိုင်ခဲ့ဖူးကြောင်း၊ စစ်မီးငြိမ်းသောအခါ သတ္တဝါ ခပ်သိမ်းအား သုခချမ်းသာကို ပေးခဲ့ဖူးကြောင်း၊ အလှူဒါနပြုခဲ့ဖူးကြောင်း၊ သီလ စောင့်ခဲ့ဖူးကြောင်း၊ ကောင်းသော အမှုတို့ကိုပြုခဲ့ဖူးကြောင်း ဖော်ပြ ကြေညာခဲ့သည်။ ကျောက်စာထဲက အယုဒ္ဓယပြည့်ရှင်ရာမမင်းသည် ရာမာယဏကဗျာထွက် ရာမမင်းဖြစ်သည်။ ကျန်စစ်သား မင်းကြီး၏ကြေညာချက်သည် ပုဂံမင်းကေရာဇ်၏ အမိန့်အဆို ဖြစ်ရာ ပုဂံသူပုဂံသားတို့သည် ရာမမင်း၌ အလွန်စိတ်ဝင်စား၍ ရာမမင်းအကြောင်းကို အလွန်သိချင်မှတ်ချင်ကြပေလိမ့်မည်။ ထိုအခါ ရဟန်းဆရာ၊ လူဆရာတို့သည် ရာမာယဏ ကဗျာထွက် ရာမအကြောင်းကို ပြောဟောကြရမည်သာဖြစ်သည်။ ထိုသို့ပြောဟောကြရာတွင် လက္ခဏ၊ သီတာဒေဝီ၊ ဟနုမန်၊ သုဂြိတ်၊ ဒသဂီရိ၊ ဗိဘီဇန၊ အိန္ဒြဇိတ စသည်တို့အကြောင်းကိုလည်းကောင်း၊ ရာမမင်း လေးတင်၍ သီတာကို ရကြောင်း၊ ရာမ၊ လက္ခဏ၊ သီတာတို့ ပြည်နှင်ခံကြရကြောင်း၊ မှော်ရုံတော၌နေကြစဉ် သီတာကိုဒသဂီရိက ဆောင်ယူသွားကြောင်း၊ သိဿိုပြည်မီးရှို့ကြောင်းစသည်တို့ကို လည်းကောင်း ထည့်ပြောကြတန်ရာသည်။

တစ်ဖန် သမိုင်းကြောင်းအရ ထူးခြားသောအချက်နှစ်ချက် ရှိသေးသည် ဖြစ်ရာ ထည့်သွင်းစဉ်းစားသင့်သည် ထင်ပါသည်။ တစ်ချက်မှာရှေးခေတ်အရှေ့တောင်အာရှရှိ အခြားသော နိုင် ငံယ် များ မှာ ကဲ့သို့ပင် ရှေးခေတ်ပုဂံ၌လည်းဗိဿနိုးကိုးကွယ်သော ပုဏ္ဏားများ လာရောက်နေထိုင်၍ လောကီမင်္ဂလာအခမ်းအနားများ၌ အမှုတော်ထမ်းရွက်တတ်ကြခြင်းဖြစ်သည်၊ ထိုအခါကသော် ပုဂံသည်အထူးသဖြင့်အိန္ဒိယကျွန်းဆွယ်ပိုင်းရှိ ပါလ္လဝါတိုင်းကဒမိဒ (ယခုခေတ်-ကလယ်) တို့နှင့်လည်းကောင်း၊ အိန္ဒိယအရှေ့မြောက်ပိုင်းရှိ ပါလတိုင်း (ယခုခေတ်-ဘင်္ဂလား) က ပါလတိုင်းသားတို့နှင့် လည်းကောင်း အဆက်အသွယ် ရှိခဲ့ဖူးသည်၊ ပုဂံမင်းတို့၏ အမှုတော်၌ ပုဏ္ဏားများ ပါဝင်ထမ်းရွက်တတ်ကြခြင်းကို ကျန်စစ်သား မင်းကြီး၏ နန်းတော် တည်ဆောက်ရာ၌အထင်အရှား တွေ့နိုင်သည်၊

ကျန်စစ်သား မင်းကြီး၏ "နန်းတော်မွန်ကျောက်စာ"(မူရင်း မွန်ကျောက်စာနှင့် မြန်မာဘာသာပြန်) ၌ နန်းတော်တည်ဆောက်မည့် တိုင်များကို ပုဏ္ဏားများက အခမ်းအနားဖြင့် ပူဇော်ကြပုံကိုဤသို့တွေ့နိုင်သည်။

"ထို့နောက် ပုဏ္ဏားဟူးရားတို့သည် နာရ်ကိုရှိခိုးကုန်၏။ အခါကောင်း၌ ဂေါစုလိလက်၌ ပုဏ္ဏားဟူးရား သမားတို့သည် ဘေးတိုင် ယသ်တိုင်၊ အတသ်တိုင်တို့ကို ရေဆေးကုန်၏။ ရွှေငွေ အိုးရေ....ဆန်နေ့ဇာမြက် တည်အပ်သော ခရုသင်းရေတို့ကို တည်ကုန်၏။ ထို့နောက်သူတို့သည် အခြားတိုင်နှင့် တန်ဆာအားလုံးတို့ကို ရေဆေးကုန်၏"ဟုလည်းကောင်း၊ (နာရ် ဆိုသည်မှာဗိဿနိုးကိုဆိုလိုသည်။)

"ဖလ္လဂုန်လဆန်းခြောက်ရက် တနင်္လာနေ့၊ နှစ်နာရီတိတ်၌ နာရ်အဖို့ သူတို့သည် ငှက်ပျောငယ် ကြံဆွဲအစ်သော နွှား နှာခေါင်းငှက်ပျောအဆင်အယင်ကိုပြု၍ ဖျော

ခင်းကာရွှေပန်း၊ ပလွေ၊ ဖယောင်းတိုင်၊ ပလွေသင်ပုတ်တို့ကို တည်ကုန်၏။ ထို့နောက်သံမျှင်ကြီး သံမျှင်လျှင်၊ အသင်းလူကြီး၊ ပုဏ္ဏားဟူးရားသမားတို့သည် သင်းပိုင်၊ အတွင်းအင်္ကျီတို၊ အပြင်အင်္ကျီရှည်နှင့် ပုဆိုးဖြူတို့ကို ဝတ်ဆင်ကုန်၏၊ ထို့နောက်သွား၍နာရီကိုရှိခိုးကုန်၏။ အရပ်ဆယ်မျက်နှာလုံး၌ သူတို့သည် ငှက်ပျောငယ် ကြီးဆွဲအပ်သော ငှက်ပျောအဆင်အယင်ကိုပြု၍ရွှေပန်း၊ ပလွေ၊ ဖယောင်းတိုင်၊ ပလွေသင်ပုတ်တို့ကိုဖြန့်ကုန်၏။ ရွှေငွေအိုးရေ၊ ဆန်နေဇာမြက် တည်အပ်သောခရုသင်းရေတို့ကို သူတို့သည် အနီးအနား၌စီရင်ကုန်၏'' ဟုလည်းကောင်းတွေ့နိုင်ပါသည်၊

နောက်တစ်ချက်မှာ ရှေးခေတ်ပုဂံ၌သထုံမှ မွန်ပညာရှင်တို့လာရောက်နေထိုင်၍ အမှုတော်ကို ထမ်းရွက်တတ်ကြခြင်း ဖြစ်သည်၊ ကျန်စစ်သားမင်းကြီး၏ ကျောက်စာများကို မွန်ဘာသာဖြင့် ရေးခဲ့ကြသည်ကို ထောက်၍ သိသာပါသည်။ ယခုခေတ်တွင် ယိုးဒယားနိုင်ငံသည် ထိုင်းလူမျိုး၏ နိုင်ငံဖြစ်နေသော်လည်း ၁၃ ရာစု မတိုင်မီကသော် မွန်တို့အခြေစိုက်နေထိုင်ခဲ့သော ဒေသဖြစ်သည်ဟုလည်းကောင်း၊ ထိုဒေသတွင် မြောက်ပိုင်း (ယခု ဖင်းမယ်တစ်ဝိုက်) ၌ ဟရိပုဥ္စဟူ၍ မွန်တိုင်း တစ် တိုင်း ရှိ ခဲ့ သည် ဟု လည်းကောင်း၊ တောင်ပိုင်း (အယုဒ္ဓယ မြို့ဟောင်းတစ်ဝိုက်၊ ဗန်ကောက်တစ်ဝိုက် နှင့် တောင်ဘက်)၌ ဒွါရာဝတီဟူ၍ မွန်တိုင်းတစ်တိုင်းရှိခဲ့သည်ဟု လည်းကောင်း၊ သထုံမွန်တို့သည် အထူးသဖြင့် ဒွါရာဝတီနှင့် အဆက်အသွယ်ရှိခဲ့သည်ဟုလည်းကောင်း သုတေသနပညာရှင်တို့ ဆိုခဲ့ကြပြီး ထိုတိုင်း နှစ်တိုင်းသည် ၁၀ ရာစု၊ ၁၁ ရာစုတို့တွင် ခမာ(ယခုခေတ် ကမ္ဘောဒီးယား) မင်းတို့၏ လက်နက်နိုင်ငံများဖြစ်ခဲ့ကြသည်။ ခမာတို့ကို မြန်မာတို့က ကြွမ်းလူမျိုးဟု ခေါ်ခဲ့ကြသည်၊

ပဉ္စမမြောက် ဇယဝါရမန် ခမာမင်းကြီး၏ လက်ထက် (ခအေဒီ ၉၆၈-၁၀၀၁)၌ ဗပွန်ခေါ် ဗိသနိုးတန်ဆောင်းကို တည်ခဲ့သည်၊ ထိုတန်ဆောင်းတွင် ရာမဇာတ်ခန်းဇာတ်ကွက်အချို့ကို တမေ့ထု၍ တန်ဆာဆင်ထားသည်ဖြစ်ရာ ခမာတို့သည် ၁၀ရာစုနှစ်မှစ၍ သက္ကတဘာသာရေး ရာမာယဏကျမ်းကို သိပြီး ဖြစ်သည်ဟု ယူဆရာသည်၊ ထိုအခါ ဒွါရာဝတီမွန်တို့သည်လည်း ခမာပညာရှင်တို့ကိုမှီလျက် ရာမ အကြောင်းကို သိလာကြဟန် တူသည်။ ရာမမင်း၏ သားတော် လဗကို အစွဲပြုလျက် ဒွါရာဝတီ မွန်တို့၏နေပြည်ကို လဗပူရိဟု သမုတ်ခဲ့ကြသည်ကိုထောက်၍သိနိုင်သည်။ ထိုအခါ ဒွါရာဝတီမွန်တို့နှင့် အဆက်အသွယ်ရှိသော သထုံမွန်တို့သည်လည်း ဒွါရာဝတီ မွန်ပညာရှင်တို့ကိုမှီလျက် ရာမ အကြောင်းကို သိကြမည်ဖြစ်သည်။ ကျန်စစ်သားမင်းကြီး၏ မွန်ကျောက်စာတို့က သက်သေခံလျက်ရှိပြီ။

အချုပ်ထုတ်သော် ဤသို့တွေ့နိုင်သည်။ ၁၁ ရာစု ပုဂံ နတ်လှောင် ကျောင်း နှင့် ဖက်လိပ်စေတီကို ထောက်သဖြင့် ထိုခေတ်ပုဂံ၌ ရာမာယဏ အပြော အဟော ရှိနိုင်သည်ဟု ဆိုခဲ့ပြီ။ တစ်ဖန် ထိုခေတ် ပုဂံ၌ ပါလတိုင်းသား ပုဏ္ဏား၊ ပလ္လဝါတိုင်းသား ပုဏ္ဏားတို့ ရှိခဲ့ကြခြင်း၊ ရာမ အကြောင်း သိသော မွန်တို့ ရှိခဲ့ကြခြင်းကို ထောက်သဖြင့် ပုဂံနိုင်ငံတော် အတွင်း၌ တွင် ရာမာယဏ အပြော အဟော သည် အစဉ်တစိုက် ရှိ၍ ပျံ့နှံ့ခြင်း ရှိနိုင်အောင် အ ခြေ အနေ က ပေးခဲ့သည်ဟု ယူပါသည်။

၁၃ရာစု အကုန်လောက်တွင် ပုဂံခေတ်သုဉ်းသည်။ ထို့နောက် စစ်ကိုင်း၊ ပင်းယတို့၌ မင်းသစ်များ ပေါ်လာကြသည်။ ထို့နောက် အင်းဝ၌ ၁၆ရာစု ခေတ်ဦးပိုင်းလောက်အထိ အင်းဝမင်းဆက် အုပ်စိုးခဲ့သည်၊ အင်းဝမင်းတို့၏ ခေတ်တစ်လျှောက်လုံးတွင် ရာမာယဏ အပြော အဟောသည် နှုတ်ဆင့်ကမ်း သဇာဘဖြင့် (ဝါ) အစဉ်အလာ စကားအဖြစ်ဖြင့် ဆက်လက် တည်မြဲ

ခဲ့သည်ဟု ယူဆနိုင်သည်။ ယူဆနိုင်ကြောင်းကို မြန်မာစာပေ အထောက်အထား တစ်ခုဖြင့် သက်သေ ထူနိုင်သည်။ ထိုအထောက်အထားကို သုတေသီ အချို့၏ စာတမ်းများ၌ တွေ့နိုင်သည်၊ သို့ရာတွင် ထပ်၍ ရှင်းပါရစေဦး။

အင်းဝတွင် ရှင်အဂ္ဂသမာဓိသည် မြန်မာ သက္ကရာဇ် ၈၈၉၊ (၁၅၂၇) နှစ် တွင် သုဝဏ္ဏသျှံ သူငွေးခန်းပျို့ကို ရေးခဲ့သည်၊ ထိုပျို့၏ နိဂုံးပိုင်း အပိုင်း ၁၀၀၌ စာပေ အထောက် အထား ကို တွေ့နိုင်သည်။ ထို အထောက်အထားသည် အောက်ပါအတိုင်း ဖြစ်သည်။

"သူတော်တကာ၊ မဆိုရာသား၊ သီတာ ပယ်ထွေး၊ ရယ်ရေး စမ်းရာ၊ စကားထာ နှုတ်ပျို၊ ပေတလံနှင့်၊ မြို့ခံ မြို့ဆိုး၊ အကျိုးမဲ့ ယောင်၊ ရန်ဖောင်ရန်မန်း၊ မော်ကွန်းမပျက်၊ ရွှေနန်းထက်ဝယ်၊ မင်းဆက် ဦးမှူး၊ သာဂရ မင်း၊ တွင်း၌ မြစ်ကြီး၊ စီးလတ်သောထွေး ယဉ်တွေ့ အံ့ လောက်၊ မျောက် ဟနု မန်၊ ကျမ်းဂန်မညီ"

ထိုအထောက်အထား အရ ရာမာယဏနှင့် စပ်လျဉ်း၍ သူတော်တစ်ကာတို့ မဆိုရသော စာအများတွင် သီတာ အကြောင်း၊ ဟနုမန်အကြောင်း ရေးသော စာတို့ ပါနေသည်ကို တွေ့နိုင်သည်။ ရှင်အဂ္ဂသမာဓိသည် ထိုစာတို့ကို မဆိုအပ်ဟု တား မြစ် ခဲ့ ခြင်းသည် ထိုခေတ်တွင် အကျယ်အပြန့် ပြောဆိုနေကြသောကြောင့်ဖြစ်ရာသည်။ထို့ကြောင့် ရာမာယဏကို ပုဂံခေတ် အ စဉ် အ လာ အပြော အဟော အဖြစ်ဖြင့် ထိုခေတ်အထိ ယုတ်ဆွအဆုံး ပြောနေ ဆိုနေကြတုန်း ဖြစ်သည်ဟု ယူလျှင် ရနိုင်သည်။

ညောင်ရမ်း မင်းဆက်တွင် နောက်ဆုံး မင်းဖြစ်သော မဟာဓမ္မရာဇာဓိပတိ လက်ထက် မြန်မာ သက္ကရာဇ် ၁၀၉၅–၁၁၁၃ (၁၇၃၃–၅၂)သို့ ရောက်သောအခါ စာပေ အထောက်အထား လေးခု ကိုတွေ့ရပြန်သည်။ထိုအထောက်အထားများကို ဆင်ခြင်လျှင်ရာမအတ္ထုပ္ပတ်ကို ထီးထဲနန်းထဲ၌အထင် အရှားပြောဆိုနေကြပြီဟု ဆိုနိုင်သည်။

အထောက် အထား တစ်ခုသည် ဝန်ကြီး ပဒေသရာဇာရေးသော မဏိ ကက် ဇာတ်မှဖြစ် သည်၊ ဇာတ် တွင် ကာ သိ က ရာဇ် တိုင်း၊ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ် မင်း၏ ညီလာခံ အခန်း၌ မင်းကြီးသည် နန်းလောင်း နန်းလျာသားရတနာမရရှိခဲ့ သဖြင့် သင့်မသင့် သံတော်ဦးတင်ကြရန် မှူးတော် မတ်တော်များကို အမေးရှိသည်၊ ထို အခါ မှူးတော် မတ်တော်တို့ကမိဖုရားကြီးအတုလ ဒေဝီကို သားဆုအပန်ခိုင်းလျှင်အလိုတော် ပြည့်မည့်အကြောင်း သံတော်ဦး တင်ကြသည်၊ထိုသံတော်ဦးတင်စကား၌ အယုဇ္ဈယ ပြည့်ရှင် ဒသရဋ္ဌမင်း၏ ဘောင်နန်းမိဖုရား၊ မြောက်နန်း မိဖုရား၊ အလယ်နန်း မိဖုရား သုံးပါးသည် သားဆုတောင်းကြသဖြင့်သား ရရှိခဲ့ကြဖူးကြောင်း အဆိုပါသည်။ ထိုအဆိုသည် အောက်ပါအတိုင်းဖြစ်သည်။

"မှူးမတ်တို့က လျှောက်ရမည်မှာ၊ ။ လောကဓာတ်တည်၊ ဖန်ဝန်းလည်၍၊ ရောင်ခြည်အတိ၊ ဝင်းဝင်းညိသို့၊ပြည်ကြို့မျက်နှာ၊ ရှစ်ဒိသာဟုပညာဆက်သ၊ ဦးနှိမ်ချရသည့်၊ လောက ထွတ်ဘုန်းခေါင် ဘုရား။ ဘေး လောင်းတော်မြတ်၊မင်းမန္တာတ်မှ၊ အယုဇ္ဈ ဝယ်၊ ဒသရဋ္ဌ၊ ဘဝသခင်၊ မင်းမှာလျှင်လည်း၊ ပုံပြင်ပြိုပြို့၊ နန်းဆက်မဲ့၍၊ ညာ ဖွဲ့တောင်နေ၊ ပ ရ မေ မြောက် သွန်း၊ လယ်နန်း စံပျော်၊ လှ မနော် တို့၊ သား တော် ရ ဆု၊ တောင်း သည် မှု ကြောင့်၊ သားဆုပြည့်သည်၊ထုံး ကို ရည် ၍၊ ဘုန်း စည်ဘုရား၊ မတောင် ညာ ထား နှင့်၊ ဝန်း လျားထိစု၊ သစ္စာပြု၍၊သားဆုတောင်းလျှင်၊ ပြည့်မည်ထင်ပါကြောင်းရှိခိုး သံတော်ဦးတင် ပါသည်ဘုရား၊ လျှောက်စေ၊" ဟု ဖြစ်ပါသည်။

နောက် အထောက် အထား တစ်ခုမှာ ထိုခေတ်၌ပင်သီရိမြတ်စွာမင်းသမီး၏ခမည်း တော် မဟာဒီပမင်းသည် မြဟ္မဒတ်မင်း၏ သားတော် သတ္တမနုမင်းသားအား လေး အတတ်ကိုဗိုလ်ပုံအလယ်၌အပြခိုင်းပါသည်။ မင်းသားသည်လေးအတတ်ကို ပြ၍ ဗိုလ်ရှု သဘင်နန်းရင်ပြင်သို့ထွက်လာပါသည်။ သီရိ မြတ်စွာမင်းသမီးသည် လေသာပြတင်းသို့ ထွက်၍မင်းသားအတွက်စိုးရိမ်ပူပန်ကြောင်း ဆိုသောအခါ အပျိုတော် မလ္လာသီရိက မစိုးရိမ်သင့်ကြောင်း၊ သီတာဒေဝီအတွက် ရာမမင်းသား ဘုန်းအား ဆောင် သကဲ့သို့ ဆောင်နိုင် မည် ဖြစ် ကြောင်း လျှောက်ပါ သည်။ ထိုစကားသည် အောက်ပါ အတိုင်း ဖြစ်သည်။

"အပျိုတော်မလ္လာသီရိက လျှောက်ရ မည်မှာ။ ။ပူတော်မစန်ဥင့်၊ ရှိရန်ဖြစ်သင့်ပါ ဘူး၊ယခင်ရှေးခါ၊မိတ္တိလာဝယ်၊ သီတာနတ် တူ၊ ပင်နန်းသူကြောင့်၊ ဇမ္ဗူတလွှစ်၊ လေး သဘင်ဖြစ်သောအခါ၊ နွယ် မြစ် ကယ် ဝံသ၊ သူရိယက၊ ရာမလောင်းမောင်၊ ဘုန်းအား ဆောင်သည်လို့၊ထုံးဘောင်စဉ်လာ၊ ကြား ဖူးပါငဲ့။"ဟု ဖြစ်ပါသည်။

နောက် အထောက် အထား တစ်ခုမှာ၊ ထိုဇာတ်၌ပင် သတ္တမနုမင်းသားသည် လေး ညို့ကိုတင်၍ မိုးကြိုးထစ်သကဲ့သို့ ပစ်လွှတ် အောင်မြင်ခဲ့ရာ၊ မင်းသားနှင့် သမီးတော်တို့ ကိုစုလျားရစ်ပတ်လက်ထပ်ခွင့် ပေးတော်မူ မည်ဟု ခမည်းတော် မဟာဒီပမင်းကဆိုပါ သည်။ ထိုအဆိုအောက်ပါ အတိုင်း ဖြစ်ပါ သည်။

"မင်းကြီးက ဆိုရမည်မှာ.... မိတ္တိလာ ပြည်ကိုအစိုးရသော မဟာဇနက မင်းကြီး၊ သမီးတော် သီတာမင်းသမီးနှင့် အယုဒ္ဓယ ပြည်အစိုးရသောဒသရဋ္ဌမင်းကြီးသားတော် သီရိရာမမင်းသားတို့ကို ထိမ်းမြားလက်ထပ် ဖူးသည့် စာတမ်းနှင့်အညီ၊ စီရင်ခင်းစီရန် ရှိသည်များကို ခန့်စားပြီး ပြေအောင် စီရင် စေ။"ဟု ဖြစ်ပါသည်။

ရာမာယဏတွင် အယုဒ္ဓယ ပြည့်ရှင် ဒသရဋ္ဌမင်း၏ မိဖု ရား များဖြစ် ကြ သော ကောသလ္လာဒေဝီ၊ ကေကေယီဒေဝီ၊ သုမိတ္တ ဒေဝီတို့၌ ရာမ၊ ဘရတ၊ လက္ခဏ၊ သတ္တ ရုဃနတို့ ဖွားသန့်စင် လာ ကြ ကြောင်း ပါသည်။ ရာမမင်းသား လေးပွဲဝင်သော အခါ သီတာမင်းသမီး စိုးရိမ်ကြောင်းပါ သည်။ လေးတင်ပြီးသောအခါ ရာမ နှင့် သီတာတို့ကိုထိမ်းမြားပေးကြောင်းပါသည်။ ဝန်ကြီး ပဒေသရာဇာသည် သူ၏ ဇာတ် စကား၌ ထိုအချက်တို့ကို ကိုးကား၍ဖော်ပြ ခဲ့သည်ဖြစ်ရာ ရာမအကြောင်းကို သိဖူး ကြား ဖူးသူတို့သည် ထီးထဲ နန်းထဲ၌ အတော် အတန်များသောကြောင့်သာ ဖော်ပြခဲ့ခြင်း ဖြစ်သည်ဟု ယူသင့်သည်။ ရာမအကြောင်း ကို ပုရပိုက်၌သော်လည်းကောင်း၊ ပေ၌ သော်လည်းကောင်း ရေးပြီးသား ဖြစ် ၍ ပရိသတ်၌အဖတ်အရှုများခဲ့ကြသောကြောင့် ဖြစ်တန်ရာသည်ဟုပင် ထင်စရာ ဖြစ် တော့ သည်။ ညောင်ရမ်းခေတ် ဆယ့်ခုနစ်ရာစု တွင် မြန်မာရာမ ဝတ္ထု အရေး အသားရှိခဲ့ ကြောင်း အလျဉ်းသင့်သည့်အခါ ဖော်ပြ ပါမည်။

နောက်ဆုံး အထောက် အထားသည် မဟာဓမ္မရာဇဓိပတိမင်း လက်ထက်၌ ပင် တောင်တွင်းမင်းကျောင်း ဆရာတော်ဖြေခဲ့ သော ကန်တော်မင်းကျောင်း မေတ္တာစာ အဖြေထဲမှဖြစ်သည်။ ကန်တော်မင်းကျောင်း မေတ္တာစာ၌ ပါ သော "အတွင်းအပ အကြောင်း"ဟူသော စကားခွန်း အတွက် တောင်တွင်း မင်းကျောင်း ဆရာတော်က အဖြေအဖွင့်ရေးခဲ့သည်၊ ရှေးဦးစွာ တောင် တွင်း မင်းကျောင်းဆရာတော်က "အတွင်း အပ"၏ ဓယာဘုယျသဘောကို ဖွင့်သည်မှာ ဤသို့ဖြစ်သည်၊

"အတွင်းအပ ဟူသည်ကား၊ အတွင်း၌ ပြုရသောအမှု၊ အတွင်းသို့သွင်း၍စေပါရသသူ၊ အပ၌သာထား၍ စေပါရသသူတို့ကိုလည်းကောင်း၊ သည်လူကား အတွင်းသားဖြစ်သည်။ သည်လူကား အပသားဖြစ်သည်ဟူ၍အတွင်းသားလျှင်အတွင်းသားအလျောက်၊ အပသားလျှင် အပသားအလျောက်ပြုရ သည်ကို လည်းကောင်း၊ အတွင်းအပကိုနှလုံးပြုရသည်ဆိုလိုသည်။"

ဆရာတော် သည် ထိုသို့ ဖွင့်ပြီး သည့်နောက် ဥဒါဟရဏ် အမျိုးမျိုး ထုတ်ပြ၍ ရှင်းပြန်သည်၊ ဆရာတော်၏ ဥဒါဟရဏ်တို့တွင် ရာမအကြောင်းပါသည်။ ပါပုံသည် ဤသို့ဖြစ်သည်။

"အပကလူပင် ဖြစ်သော်လည်း၊ လူ၏လက္ခဏာကိုထောက်ရှု၍အတွင်းသွင်းသဖြင့် အောင်မြင်ပြီးစီးသည့် အရာလည်း ရှိသည်၊ ရာမ မင်း သည် သီတာ မိဖုရား ကြောင့် သီဟိုဠ်ကျွန်းကို ရံ၍နေသောအခါ ဒသဂီရိဘီလူးမင်းညီဝိဘီဇနသည် စစ်ထိုး၍ မသင့်ကြောင်း၊ သီတာမိဖုရားကို ရာမမင်းအား ပေးရမည့် အကြောင်းကို အသင့် အတင့် လျှောက်သည်ကို နောင်တော် ဒသဂီရိဘီလူးသည် နင် ရာမမင်းကသာပင် ဆိုသည်ဟူ၍ ပရိသတ်အလယ်တွင် ဝိဘီဇနပါးကို ခြေနင်းနှင့်ရိုက်လေ၏၊ ဝိဘီဇနလည်း ဝမ်းနည်းသောကြောင့် ရာမမင်းသို့ဝင်လေ၏။ ရာမမင်းလည်း သဘောဟုတ်တန် မဟုတ်တန်သည်ကို သုဂြိတ်မျောက်နှင့် တိုင်ပင်သော် ရှင်မင်းကြီး၊ သည်လူသည် သူကောင်းလက္ခဏာပင်မှန်သည်ဟူ၍လျှောက်မှ အဝင်ခံ၍အတွင်းသွင်းလေ၏၊ဒသဂီရိဘီလူးလည်း နန်းတွင်းမှာ ယဇ်ပူဇော်မည်ဟူ၍ စီရင်၏၊ ထိုအကြောင်းကို ဝိဘီဇနသိ၍ ရှင်မင်းကြီး အကျွန်ုပ်အစ်ကိုဒသဂီရိသည်ယဇ်ပူဇော်မည်ဟူ၍ စီရင်သည်။ ခုနစ်ရက် လည်အောင် ယဇ်ပူဇော်ရသော် သီဟိုဠ်ကျွန်း ကို မင်း အပေါင်းပင် စစ်ပြု၍မနိုင်ဟူ၍ ဆိုချေသည်။ ထို့ကြောင့် ရက်မလည်ခင်သွား၍ ယဇ်ပူဇော်သော အစီအရင်ကိုဖျက်စေမှသင့်မည်ဟူ၍ လျှောက်သောကြောင့် ဟနုမန်မျောက်ကိုစေတော်မူ၍ ဟနုမန်မျောက်သည် ကျင်ကြီး ကျင်ငယ်ဖြင့် မီးကို သတ်၍ သဗ္ဗဝါ အပေါင်းကို လွှတ်လေ၏၊ ဒသဂီရိ သား ဣန္ဒဇိတဆည် ကောင်းကင်၌ တိမ်ယာဉ်စီး၍ တိုက်သောအခါလည်း မိန်းမမျက်နှာကို တစ်ဆယ့်နှစ် နှစ်ပတ်လုံး မကြည့်ဘူးသော သူသာလျှင် ဣန္ဒဇိတ ကို မြင်မည်ဟူ၍ လျှောက်သောကြောင့် ညီတော်လက္ခဏာက ကြည့်ရာတွင်မှ ဣန္ဒဇိတကို မြင်သဖြင့် ညွှန်ပြ၍ ရာမမင်း လေးနှင့်ပစ်လျှင် ဣန္ဒဇိတသေလေသည်၊ ဤအရာ၌ ဝိဘီဇနသည်အပလူဖြစ်လျက် ရာမမင်း အကျိုးကို ဆောင်ဖူးလေသည်။"

တောင်တွင်းမင်းကျောင်း ဆရာတော်၏ ရာမာယဏ အကိုးအကား စကားတို့တွင် ဤမှာဘက်ကမ်းမှ သီဟိုဠ်ကျွန်းသို့ကျောက်တန်းဆည်ပြီးနောက် ရာမမင်းနှင့် တကွ မျောက်စစ်သည်တို့ သီဟိုဠ်သို့ ရောက်ကြ၍ ဒသဂီရိမြို့ကို ရံထားသော အချက်ပါသည်၊ ဒသဂီရိညီလာခံ၌ မှူးမတ်တို့နှင့် တိုင်ပင်ရာ ဝိဘီဇနက မယ်သီတာကိုပြန်ပို့ရန် လျှောက်သဖြင့် ဝိဘီဇနအနှင် ခံရသော အချက်ပါသည်၊ ဝိဘီဇနသည် ရာမမင်းထံ ဝင်လာသောအခါ ရာမမင်းက သုဂြိတ်မျောက်မင်းနှင့်တိုင်ပင်၍ ဝိဘီဇနကို လက်ခံသော အချက်ပါသည်။ ဝိဘီဇန၏ အကြံပေးချက်အရဒသဂီရိ၏သား ဣန္ဒဇိတ ကျဆုံးရသော အချက်ပါသည်၊ ဒသဂီရိ၏ယဇ်ပွဲအစီအစဉ်ကိုဟနုမန် ဖျက်သောအချက်ပါသည်၊ ထို့နောက် အပလူပင် ဖြစ်လင့်ကစား ချင့်ချိန်၍သုံးစွဲလျှင် အကျိုး ဖြစ်နိုင်ကြောင်း ဆရာတော်၏ ကောက်ချက်ပါသည်၊ ထိုအချက်တို့ကိုထောက်သဖြင့်ဆရာတော်သည် ရာမာယဏ၏ ယုဒ္ဓပိုင်းကို အနုစိတ်သိ၍ ကောက်ချက်ပင်ချနိုင်ကြောင်း သိသာသည်။ ထိုသို့ဆိုလျှင် ရာမအကြောင်းသည် အရေးအသားဖြင့်ပင်ရှိနိုင်သည်။ အရေးအသားကို

စဉ်းစဉ်းစားစားဖတ်ရှုခွင့် ရသောကြောင့် ဆရာတော်ဆင်ခြင်နိုင်၊ ကောက်ချက် ချနိုင်ခြင်းဖြစ်သည်ဟု ယူသော်ရနိုင်သည်။ ရာမအတ္ထုပ္ပတ်ကို ရဟန်း ကျောင်းများ၌ပင် အရေးတယူလေ့လာပြောဟော နေကြဟုပြီ လည်းဆိုနိုင်ပါသည်၊

မဏိကတ်ဇာတ်၌ ပါသော အထောက်အထားတို့ကို လည်းကောင်း၊ တောင်တွင်းမင်းကျောင်းဆရာတော်၏ အဖြေ၌ပါသော အထောက်အထားကိုလည်းကောင်း ပေါင်း၍ဆင်ခြင်သော်ထိုခေတ်မြန်မာရာမ၏အခြေအနေနှင့် စပ်လျဉ်း၍ စဉ်းစားစရာ အချက်သုံး ချက် ရလာ ပြီ ဟု ဆို ချင် သည်၊ ပထမ အချက်မှာ အယုဒ္ဓယ ပြည်၌ ရှင်ဒသရဋ္ဌမင်း မိဖုရားသုံးပါး၏ သားဆုပန်ကိုးကားချက်ကို လည်းကောင်း၊ မိဘီဇနအကြောင်း ကိုးကားချက်ကို လည်းကောင်း ထောက်လျှင် ထိုခေတ်က မြန်မာရာမာယဏကို သိကြ, ပြောကြ, ရေးကြသည်မှာ ဗာလပိုင်းမှ ယုဒ္ဓပိုင်းအထိ ဖြစ်၏ဟု ဆင်ခြင်နိုင်ခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ ထိုခေတ်တွင် ရာမအကြောင်းကို ကြားနာ ဖတ်ရှုကြသည်မှာ ပျော်ရရုံ ပါးရရုံ အတွက်သာမက လောကဓမ္မ ရာဇကျင့်ဝတ်သုံးမျိုး လေ့လာမှုအတွက်လည်း လေးလေးစားစား ကြားနာ ဖတ်ရှုကြသည်ဟု ဆင်ခြင်နိုင်ခြင်း ဖြစ်သည်၊

တတိယအချက်မှာ ပုဂံခေတ် ရာမာယဏနှုတ်ဆင့်ကမ်း အပြောအဟောအစဉ်အလာ အခြေခံရှိသော ရာမအကြောင်းသည် ၁၇ ရာစုနှစ်နှင့် ၁၈ ရာစုနှစ်များအတွင်းတွင် ပုရပိုက်နှင့် သော်လည်းကောင်း၊ ပေ၌သော်လည်းကောင်းရေးပြီးသားရှိနှင့်ပြီဟု ဆင်ခြင်နိုင်ခြင်းဖြစ်သည်၊ ဦးအောင်ဖြိုး၏ ရာမသာချင်း၌ပါသောအဆိုတစ်ရပ်သည် ထိုတတိယအချက်ကို ထောက်ခံ ထား ဘိ သ ကဲ့ သို့ ဖြစ်သည်။ သာချင်း၌ ဆို ထား ပုံ သည် အောက်ပါအတိုင်းဖြစ်သည်။

“သိန်းခိုကူးက၊ ဘီလူးကိုခွင်း၊ ရာမမင်းနှင့်၊ ကံနှင်းသည့်တာ၊ ရှေးဝတ္ထုဟောင်း၊ အကြောင်းထင်ထင်၊ မိပ္ပာယ်အင်ကို၊ သိမြင်သာအောင်၊ စာ အ ရင်း စ၊ ပ ထ မ ကို၊ မပြမဖွဲ့....” ဟု ဖြစ်သည်။ ထိုအဆိုအရ ဒသဂီရိကိုလေးဖြင့်ခွင်းပြီးသည့်နောက် ရာမနှင့် သီတာတို့ ပြန်ပေါင်းကြရကြောင်းရှေးဝတ္ထုဟောင်း ရှိခဲ့သည်ဖြစ်ရာ၊ စာ၏အရင်းအစ ပထမကို မပြမဖွဲ့တော့ပါဟု အဓိပ္ပာယ်ရပါသည်။ ထိုအဆိုကို ထောက်သော် ရာမသာချင်းကို ဦးအောင်ဖြိုး မရေးမီ တစ်ခါတစ်ခေတ်ကပင် မြန်မာရာမအကြောင်းသည် စာအရေးအသားဖြင့် ရှိခဲ့ပြီဟု ယူသင့်ပါသည်၊

တစ်ဖန် ထူးခြားချက်တစ်ခုမှာဦးအောင်ဖြိုးသည် သူ့သာချင်းကို ပုဂံကသူ့ဆရာ၏အာဘော်ဟု သူ ဂုဏ်ယူ၍ ပြောခဲ့ခြင်းဖြစ်သည်။ သာချင်း၌ ဆို ထား သည် မှာ “ ပု ဂံ ရိ မဒ်၊ ထို ပြည် မြတ် က၊ ဆ ရာ အာ ဘော်၊ အ သိမ်း အ အုပ်၊ လင်္ကာ လုပ်တွင်၊ မိုလ်ချုပ်ဦးကိုင်၊ အစိုးပိုင်သည့်နှယ်၊ မဆိုင်သည့်ကာရန်၊ တစ်ပါးဥာဏ်များက၊ ရှည်ဘန်မပြုနှင့်....”ဟု ဖြစ်သည်၊ ထိုအဆိုကို ထောက်သော် ဦးအောင်ဖြိုးတို့ခေတ်တွင် ပုဂံခေတ် အစဉ်အလာရှိသော ရာမအကြောင်း အရေးအသားကို မြတ်နိုးအားကိုးခြင်း ပြုကြသည်ဟု ကောက်သင့်သည်။ ထို့ကြောင့်ကောက်သော် ရာမအကြောင်းသည် ပုဂံခေတ်အနော်ရထာမင်းလက်ထက်မှစ၍ နှုတ်ဆင့်ကမ်း အပြောအဟော အစဉ်အလာဖြင့် မြန်မာနိုင်ငံ ကျေးတောမှာရော၊ ရွှေမြို့တော် လေးပြင်လေးရပ်မှာရော တည်ရှိခဲ့သည်ဟု ဆိုနိုင်သည်။ ထို့ပြင်ရာမသာချင်းကဗျာ မရေးမီကပင် ရာမအကြောင်းအရေးအသား ရှိခဲ့သည်ဟုလည်း ဆိုနိုင်သည်၊

အတ္ထုပ္ပတ္တိဆရာတို့သည် ဦးအောင်ဖြိုး၏မွေးသက္ကရာဇ်၊ လွန်သက္ကရာဇ်တို့ကို မဖော်ပြခဲ့ကြပါ။ စကန် ကေသိရန်လည်း၊ လွယ်

မည် မဟုတ်တော့ပါ။ သို့ရာတွင်ဦးအောင်ဖြိုးသည် သာချင်း၊ကဗျာတို့ကို ကိုယ်တိုင်ရေး၍ ကိုယ်တိုင်ဆိုသူ ဖြစ်သည်မှာ အထင်အရှား ဖြစ်သည်။ သာချင်းသည်၏ သဘောသည် ယခုခေတ်တိုင် ညချမ်းအချိန်၌ဟောလေ့ရှိသော ကွက်စိပ် စာဟောဆရာတို့ သဘောမျိုး ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ရာမသာချင်း၌ အယုဒ္ဓပြည်တည်ခန်းတစ်ခန်းတည်းကိုပင် အကျယ်ချဲ့၍ဆိုရလျှင် တစ်ညလုံး ကြာမည်ဟု ဦးအောင်ဖြိုး ဆိုခဲ့သောကြောင့်ဖြစ်သည်။ ဆိုထားပုံမှာ "ပထမပိုင်း၊ ရစ်သိုင်းဝိုက်ကွင်း၊ ဝတ္ထုရင်းက၊ အခင်းစုံကို၊ ကျယ်ကျယ်ဆိုလျှင်၊ ထိုစကားစ၊ ကိုင်ရုံမျှနှင့်၊ ကာလရှည်စွာ၊ ညဥ့်လုံးကြာမည်ကြောင့်...." ဟု ဖြစ်သည်။ တစ်ဖန် အိမ်နိမ့်စံလျက် နေရတုန်းဖြစ်သော ဗဒုံမင်းသား(နောင်အခါ ဗဒုံမင်း ဘိုးတော်ဘုရား) ကို ဦးအောင်ဖြိုးသည် အင်းဝ ဆိပ်ကမ်း၌ တွေ့ရာသာချင်းဆို၍ မိမိအပူဖော်ခဲ့ရသော ငွေဖိုင်ခွက် နှစ်ခွက်အနက် တစ်ခွက်ကို ဦးအောင်ဖြိုးက ဗဒုံမင်းသားအား ဆက်ခဲ့ကြောင်း အတ္ထုပ္ပတ္တိဆရာတို့က ဆိုခဲ့ကြသောကြောင့်လည်း ဖြစ်သည်။

ထိုသို့ဖြစ်လျှင် ဦးအောင်ဖြိုးသည် ပျို့ရွယ်စဉ်အခါကသော်ကျေးတောမှာရော၊ အင်းဝ ရွှေမြို့တော် လေးပြင် လေးရပ်မှာရော သွားလာလှည့်လည်လျက် သာချင်းဆို၍ အသက်မွေးခဲ့သည်ဟု ယူနိုင်သည်။ ၁၁၄၃ ခုနှစ်တွင် ဗဒုံမင်းသားသည် အင်းဝထီးနန်းကို သိမ်းပိုက်ပြီးသည့်နောက် သုံးနှစ် အကြာမှာမှ ဦးအောင်ဖြိုးကိုခေါ်ပင်၍ချီးမြှောက်သည်ဟု အတ္ထုပ္ပတ္တိ ဆရာတို့ကဆိုကြရာ ထိုအခါကျမှပင် ဦးအောင်ဖြိုးသည် ထီးနန်း၌ ဝင်ခွင့်ထွက်ခွင့်ရသည်ဟု ဆိုရသည်။ ထိုအချက်နှင့် တွဲလျက် သိနိုင်သော အချက် တစ်ချက်ရှိသေးသည်။ ထိုအချက်သည် အခြားမဟုတ်၊ သက္ကရာဇ် ၁၁၃၇ခုနှစ်၌ ဦးအောင်ဖြိုးရေးခဲ့သည်ဟု ယူဆအပ်သော ရာမသာချင်းသည် မင်း၏အလိုဆန္ဒအရ၊ နန်းတော်ဝန်းကျင်မှ ပေါ်ပေါက် လာသော စာမဟုတ်၊ မြန်မာနိုင်ငံ ကျေးတောမှာရော၊ မြို့တော် လေးပြင် လေးရပ် မှာရော ခေတ် အဆက်ဆက် တည်ရှိခဲ့သော ရာမအဟောအပြော အစဉ် အလာမှ အလို အလျောက် ပေါ်ပေါက် လာသော စာ ဖြစ်သည်ဟု သိနိုင်သော အချက် ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ဦးအောင်ဖြိုး၏ ရာမသာချင်း မြစ်ဖျား ခံရာအရပ်သည် ပြည်သူဖြစ်၍ ပြည်သူ့ဉာဏ်၊ ပြည်သူ့အကြိုက်၊ ပြည်သူ့စာရိတ္တ အမြင်တို့နှင့်အညီ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသင့်သည်။ ထို့ကြောင့် မြန်မာရာမစာအမျိုးမျိုး ရှိသည့်အနက် ဦးအောင်ဖြိုး၏ ရာမ သာချင်းကို ကနဦး မြန်မာ့အစဉ်အလာ ရာမ ကဗျာဟု ဆိုလျှင် ဖြစ်နိုင်သည်။ ထို့ကြောင့် ပင်လျှင် ထိုသာချင်း၏ ဇာတ်လမ်း အချုပ်ကိုလည်း သိထားဖို့ လိုလိမ့်မည်။ သို့မှသာ ဝါလမိကီ၏ သက္ကတဘာသာ ရာမာယဏ ကဗျာနှင့်လည်းကောင်း၊ နောင်အခါ ပေါ်လာကြသော မြန်မာ ရာမစာများနှင့်လည်းကောင်း မည်မျှတူ၍ မည်မျှကွာသည်ကို ချိန်နိုင်မည် ဖြစ်သည်။

ဦးအောင်ဖြိုး၏ ရာမသာချင်း ပေမူ၌ က—မှ ဈာအထိ၊ ကိုးကြောင်းရေးရှစ်အင်္ဂါနှင့် ပေနှစ်ချပ်၊ စုစုပေါင်း ပေ ချပ်ရေ ၉၈ ချပ်ရှိသည်။ ပေမျက်နှာဖြင့်တွက်လျှင် ၁၉၆ မျက်နှာရှိသည်။ ထိုသာချင်းသည် ဝါလမိကီ၏ မူလသက္ကတ ရာမာယဏ ကဗျာမှာကဲ့သို့ ဗာလပိုင်းမှစ၍ ယုဒ္ဓပိုင်း၌ ဆုံးသည်။ သို့ရာတွင်ဦးအောင်ဖြိုးသည် ထိုသာချင်းကိုအပိုင်း (ကဏ္ဍ)အလိုက် ခွဲ၍ ဖွဲ့ခဲ့သည်မဟုတ်၊ အစ အလယ်၊အဆုံး တစ်ဆက်တည်း ဖွဲ့ခဲ့ခြင်းသာ ဖြစ်သည်။ လေ့လာကြရာ၌ လွယ်ကူအောင် ဤစာတမ်း၌ သာချင်းပါ ဇာတ်လမ်းအချုပ်ကိုဝါလမိကီ၏သက္ကတဘာသာ ရာမာယဏ ကဗျာမှာကဲ့သို့ အပိုင်းအလိုက် ခွဲ၍ သူ့အစဉ်အတိုင်း ဖော်ပြလိုပါသည်။

(က) ဗာလပိုင်း (က-ခ)

ဗာလ ပိုင်း တွင် သိဿို ကျွန်း ကြီး ရှင် ဗုရနက ဘီလူးမင်း၏သမီးသော် နိဂုန္တီသည် နန်း၌မပျော်၊ တော၌ပျော်၍ သီလ ဆောက်တည်ခြင်း၊ ဗြဟ္မာမင်းနှစ်သက်သော ကမ္မဋ္ဌာန်းကို အနှစ်ရှစ်သောင်း စီးဖြန်းခြင်း ပြုပုံ၊ ဗြဟ္မာဆင်းလာသောအခါ သရက်သုံး ခိုင်ကို ပူဇော်၍ သားဆုတောင်းပုံ၊ ဗြဟ္မာက သားဆုပေးပုံ၊ သရက် သုံးခိုင် အ နက် တစ် ခိုင်တွင် သရက် ၁၀ လုံးပါသဖြင့်ရှေးဦးစွာ ခေါင်း ၁၀ လုံးရှိသောဒသဂီရိကိုဖွားမြင်ပုံ၊ ထို့နောက် ဂုန္တီကန္ဒ၊ မိဘီဇနတို့ကို ဖွား မြင်လာကြပုံ၊ ထို့နောက် သား သုံးပါးက ကမ္မဋ္ဌာန်းကို အနှစ်ရှစ်သောင်း စီးဖြန်းကြ ပြန်ရာ ဗြဟ္မာဆင်း လာ ပြန် ၍ ဆုပေးပုံ၊ လူသား၏အန္တရာယ်၊ မျောက်၏အန္တရာယ်၊ အနုစန္ဒာလေး၏ အန္တရာယ် တို့ မှ တစ် ပါး မည်သည့်အန္တရာယ်ကမျှ ဒသဂီရိကို သေး မဖြစ်စေရဟူသောဆုကို ဒသဂီရိအားပေးပုံ၊ ထိုနောက် ဒသဂီရိတို့မိသားစုသည် သိဿို မြို့သို့ပြန်ကြ၍ ဒသဂီရိထီးနန်းရပုံ၊ ဒသဂီရိ သည် အသူရာ၏သမီး မဏ္ဍောဒရီနှင့် ထိမ်း မြားခဲ့၍ သားတော် မေဃနာဒ (ဣန္ဒဇိတ) ဖွားလာပုံ၊ ဒသဂီရိသည် အသူရာပေးသော သော်ကဥယျာဉ်ရှိ အသာဝတီ နွယ်နီ သီး ကို စားမိသည်မှစ၍ အ ကျင့် ဖောက် ပြား သောက်စားမူးယစ်မှုကို နှစ် သက် လာ ပုံ။

အခါတစ်ပါး၌ ဒသဂီရိသည် ရထားပျံ ဖြင့် ကောင်းကင်ခရီးသွားရာတွင် ဂန္ဓမာဒန တောင်၌ နတ်သမီးတစ်ပါးကိုမြင်၍ တပ်မက် ခြင်းဖြင့် သိမ်းပိုက်မည်ပြုရာ အလိုမတူသော နတ်သမီးကကျိန်ဆဲ၍ အမိဋ္ဌာန်ပြုကာ မီးပုံ၌ ဆင်း၍ အသေခံပုံ၊ မီးပုံနေရာမှ လူ သား မိန်းမကလေးပေါ်လာပုံ၊ ဘီ လူး အစောင့် တို့သည် ကလေးကိုဒသဂီရိထံပို့ရာ ဒသဂီရိ ထိတ်လန့်ပုံ၊ ကလေးကို သေတ္တာ၌ ထည့်၍ သမုဒ္ဒရာ၌မျှောစေပုံ၊သေတ္တာသည် မိတ္တီလာ ပြည်အနီးရှိ ကမ်းခြေသဲသောင်သို့ရောက်ပုံ၊ ယဇ်ပူဇော်ရန် မိတ္တီလာပြည့်ရှင် ဇနကမင်း သည် သဲသောင်၌လယ်ထွန်ရာ မယ်သီတာ လောင်းဖြစ်သောကလေးကိုရ၍ သမီးတော် အဖြစ် မွေးပုံ။

အ ယုဒ္ဓ ယ ပြည် ၌ ဒသရဋ္ဌမင်း စတော ကစားထွက်၍ မိမိ၏လေးကိုစမ်းရာ ရသေ့ တစ်ပါးကိုထိမှန်ပုံ၊ ရသေ့မိန်းမောနေခိုက် ရသေ့၏မိဘနှစ်ပါးကိုသွားခေါ်ရာ ရောက် လာကြ၍ဒသရဋ္ဌမင်းကိုသူတို့ကဲ့သို့စိတ်ဆင်း ရဲခြင်း ဖြစ်ပါစေသားဟုဆိုကြပုံ၊ ဒသရဋ္ဌက သူ့မှာသားသမီးမရှိဟု ပြန်ပြောရာ မိဘနှစ် ပါးက တရိစ္ဆာလာရသေ့ကျောင်းသို့ ညွှန်ပုံ၊ တရိစ္ဆာလာရ သေ့ သည် သား ဆု တောင်း သောမင်းအား ငှက်ပျောသီး နှစ်လုံး ပေး လိုက်၍ မိဖုရားသုံးပါးအားစားစေပုံ၊အချိန် တန်သောအခါ တောင်နန်း မိဖုရား ကော သလ္လာ၌ ရာမကို လည်းကောင်း၊ မြောက် နန်းမိဖုရား သုမိတ္တရာ၌ သတ္တရုဃနကိုလည်း ကောင်း၊ အလယ် နန်း မိဖုရား ကေကေ၌ လက္ခဏနှင့် ဘရတတို့သည် လည်းကောင်း ဖွားမြင်လာကြပုံ။

ရာမ အရွယ် ရောက် သောအခါ တော တွင် ရသေ့ ကျောင်းများကို နှောင့် ယှက် လေ့ရှိသော ကာကဝဏ္ဏကျီး ကို နှိမ် နင်း ပေးရန် ရာမ၏ အကူအညီကို ရသေ့ တစ် ပါးက လာ၍တောင်းပုံ၊ ရာမလိုက်သွား၍ ကျီးရန်ကိုနှိမ်နင်းပုံ၊ ထို့နောက် ရာမသည် ရသေ့ကျောင်း၌ ပညာဆက်၍ သင်ပုံ။

မိတ္တီလာ၌ သီတာ အရွယ်ရောက်သော အခါ ဇနကမင်းသည် စိုးရိမ်လာပုံ၊ ထို အခါ မဟေသရနတ်မင်း ဆင်းလာ၍ လေး တစ်စင်းကို ဆက်ကာ ထိုလေးကို တင်နိုင် သောသူသာလျှင် သီတာကိုရစေဟု မှာခဲ့ပုံ၊ ထို့ကြောင့် ဇနကမင်းသည် မင်းတစ်ရာကို လေးတင်ပွဲသို့ ဖိတ်ပုံ၊ ရသေ့များကိုလည်း ဆွမ်းပင့်သဖြင့် ရာမ၏ ဆရာရသေ့နှင့် ရာမ တို့ ရောက်လာကြပုံ၊ ဒသဂီရိလည်း လေး တင်ပွဲ သတင်းကို ကြားသိသဖြင့် ရောက်လာ ပုံ၊ လေးတင်ပွဲ၌ ဒသဂီရိ တစ်ပါးတည်းသာ

ထောင်(ခေါင်) တိုက်နိုင်ပုံ၊ သို့ရာတွင် လေးညှို့ကို မတင်နိုင်ပါဘဲလျက် မယ်သီတာကို သူ့လက်သို့အပ်ရမည်ဟု ခြိမ်းခြောက်ပုံ၊ ထိုအခါ ရာမသည် မင်းထံမှ အခွင့်တောင်းပြီးနောက် လေးပွဲသို့ဝင်၍ လေးညှို့ကို ကမ်းကုန်အောင် တင်လိုက်သဖြင့် မဟေသရ၏ လေးထက်ပိုင်းကျိုးပုံ၊ ထိုအခါ ဒသဂီရိထွက်ပြေးပုံ၊ ထိုနောက် ညီတော်သုံးပါး ရောက်လာကြ၍ လက်ထပ်ပွဲများ ကျင်းပကြပုံ၊ အယုဒ္ဓယသို့ အပြန်လမ်းတွင် လေးတင်ပွဲ၌ အရေးမသာခဲ့သော ပသျှူးရာမက ရာမနှင့် မယ်သီတာကို နှောင့်ယှက်ရာ ရာမကနှိမ်နင်းနိုင်ရပုံတို့ကို ဖွဲ့ဆိုထားသည်၊

(ခ) အယုဒ္ဓယပိုင်း(ခိ)

အယုဒ္ဓယပိုင်းတွင် အယုဒ္ဓယပြည်၌ အိမ်ရှေ့အရာ နှင်းရေးနှင့် စပ်လျဉ်း၍ ကေကေမိဖုရားသည် သူ့သားတော် ဘရတအား နှင်းစေလိုသဖြင့်အကျပ်ကိုင်ရာ ရာမ၊သီတာ၊ လက္ခဏ တို့သည် တော၌ ၁၂ နှစ်ကြာမျှ နေထိုင်ကြရန် ပြည်မှ ထွက်ကြရပုံ၊ တော၌ နေထိုင်ကြစဉ် အယုဒ္ဓယ၌ ဒသရထ မင်းကြီး နတ်ရွာစံသဖြင့် ဘရတသည် တောသို့လာ၍ နောင်တော်ရာမအား ထီးနန်းအပ်ပုံ၊ခမည်းတော်၏ အမိန့်အတိုင်း ၁၂ နှစ် ပြည့်သောအခါမှ ပြန်လာမည်ဟုပြော၍ ဘရတအား ခြေနင်းကိုသာ ပေးလိုက်ပုံတို့ကို ဖွဲ့ဆိုထားသည်။

(ဂ) အရညပိုင်း (ခိ-ဂိ)

ရာမ၊ သီတာ၊ လက္ခဏတို့သည် တော၌ နေထိုင်၍ ၁၂ နှစ်ပြည့်ရန် ခြောက်လ အလိုတွင် သမုဒ္ဒရာအနီး မော်ရှံတော၌ ဒုသနှင့် ခရတို့၏ ရန်ကို နှိမ်နင်းရပုံ၊ ဒုသ-ခရ တို့၏ မိခင် ဘီလူးမ ကြိဂတခေါ် ဂန္ဓီသည်အစ်ကိုဖြစ်သူ ဒသဂီရိထံသွား၍ တိုင်ပုံ၊ ဒသဂီရိက ရွှံ့တွန့်တွန့် ဖြစ်နေသောအခါ ဂန္ဓီကသီတာဖြင့် ဖြားယောင်းသွေးဆောင်ပုံ၊ ထို့နောက် ကြိုတင်ကြံစည်ထားသည့်အတိုင်း ဂမ္ဘီသည် ရွှေသမင်ယောင်ဆောင်၍ ရာမကို တောနက်ရာသို့ခေါ်သွားပြီးလျှင် ရာမအသံကဲ့သို့သော အသံကိုပြုပုံ၊မယ်သီတာကြား၍ စိုးရိမ်သဖြင့် လက္ခဏကို နောင်တော်နောက်သို့ အလိုက်ခိုင်းပုံ၊လက္ခဏမရှိခိုက် ဒသဂီရိသည် ရသေ့ယောင် ဆောင်၍ ဆွမ်းခံရာမှ မယ်သီတာကို ရထားပျံ၌တင်၍ သိဃကျွန်းသို့ ယူဆောင်ပုံ၊ မော်ရှံတော၌ ရာမနှင့် လက္ခဏတို့ တွေ့ကြ၍ သီတာ ပျောက်နေသည်ကို သိကြသောအခါ လိုက်ရှာကြပုံတို့ကို ဖွဲ့ဆိုထားသည်၊

(ဃ) ကိသကိန္ဒပိုင်း(ဂိ-ငိ)

ကိသကိန္ဒပိုင်းတွင် ရာမ၊ လက္ခဏတို့သည် ကြို့ပင်အောက်သို့ ရောက်လာကြ၍ ရာမ မောပန်းသဖြင့် လက္ခဏ၏ ရင်ခွင်၌ စက်ပျော်ပုံ၊ ထိုအခါ လက္ခဏ၏ ကျောပြင်၌ ကြက်မတန်းလောက်ကြီးသော မှက်ကိုက်နေသော်လည်း နောင်တော် ရာမ နိုး မည် စိုးသဖြင့် လက္ခဏသည် အောင့်၍ခံပုံ၊ထိုအခြင်းအရာကို အစ်ကိုဗာလီ၏ ရန်ကြောင့် ကြို့ပင်၌ ပုန်းနေရသော သုကြိတ် မြင်သောအခါ ရက်စက်သော ဗာလီကို တွေးမိ၍ မျက်ရည်ကျပုံ၊ မျက်ရည်ပေါက်တို့သည် ရာမပေါ်သို့ ကျသဖြင့် ရာမ လန့်နိုး၍ လက္ခဏကိုအကြည့်ခိုင်းရာ သုကြိတ်ကို မြင်ပုံ၊ ရာမက လေးဖြင့် ပစ်မည်ပြုရာ သုကြိတ် ထိတ်လန့်၍ သစ်ပင်ပေါ်မှ ဆင်းလာပြီးလျှင် သူ့ခမည်းတော်ဖြစ်သော မဏ္ဍရရာဇာ လွန်သည့်နောက် မိဖုရားငယ်၏ သားဖြစ်သော အစ်ကိုဗာလီ သည် သူ့မယား သုဘတ္တာ ကိုလည်း လုယူ၍ ကိသကိန္ဒ ထီး နန်း ကို လည်း လု ယူ ခဲ့ကြောင်း၊ ထို့ကြောင့် ကြို့ပင်၌ ပုန်းနေရကြောင်း၊ ရာမ၊ လက္ခဏ ညီနောင် ချစ်ခင်ကြင်နာကြပုံကို မြင်ရသဖြင့် မျက်ရည်ကျမိ

ကြောင်း လျှောက်ပုံ၊ ထိုအခါ ရာမကလည်း သီတာ ပျောက်ချင်းမလှ ပျောက်ခဲ့ရကြောင်းကို ပြောရာ သုဂြိတ်က သီတာကို သိဿိုပြည်ရှင် ဒသဂီရိ ဆောင်ယူသွားကြောင်း၊ သီတာကို ပြန်ရအောင် သူကူညီမည် ဖြစ်ကြောင်း၊ ကိဿကိန္ဒ ထီးနန်းနှင့် သုဘတ္တာကို သူပြန်ရအောင် ရာမမင်းက ဗာလီကို နှိမ်နင်းပေးပါမည့် အကြောင်း လျှောက်ပုံ၊ ထို့ကြောင့် ရာမသည် ဗာလီကို လေးဖြင့် ခွင်း၍ ဆုံးမရပုံ၊ သို့ရာတွင် ဗာလီ၏ သားအောင်ဂွတ်အား အိမ်ရှေ့အရာ ပေးပုံ၊ ထို့နောက် မျောက်တပ် ဖွဲ့စည်း၍ သမုဒ္ဒရာကမ်းခြေသို့ ချီကြပုံ၊ သုဂြိတ် ဦးဆောင်သော မျောက်တပ်တွင် ဇမ္ဗူမန် မျောက်ဝန်၊ နလမျောက်စသော မျောက်ဗိုလ်မှူးတို့ ပါဝင်ကြပုံ။

သမုဒ္ဒရာကမ်းခြေသို့ ရောက်လာကြသောအခါ ရာမသည် သိဿိုကျွန်း၌ သီတာအသက်ရှင်လျက် ရှိမရှိ သိလိုသဖြင့် ကျွန်းဆီသို့ ခုန်နိုင်သော မျောက်သူရဲကောင်းတို့ကိုအရှာခိုင်းရာ မတွေ့သဖြင့် ရာမ အားလျှော့ပုံ၊ နောက်ဆုံး၌ ဇမ္ဗူမန်က ဟနုမန် မျောက်ဗိုလ်ကို ရာမအား ဆက်၍ ဟနုမန်၏ နောက်ကြောင်းကို လျှောက်ထားပုံ၊ ဟနုမန်သည် လေနတ်မင်း၏ သားဖြစ်ကြောင်း၊ ခြောက်နှစ်သား အရွယ်တွင် ဟနုမန်သည် နေမင်းကို ကင်းပုံသီးမှည့် မှတ်၍ ခုန်ဆွတ်သဖြင့် သိကြားမင်းက ရန်သူ ထင်မှတ်၍ ဝရဇိန်လက်နက်ဖြင့် ပစ်ရာ ဟနုမန် ဒဏ်ရာ ရခဲ့ကြောင်း၊ အဖလေနတ်သားက သိကြားမင်းအား ရှင်းပြသော အခါမှ သိကြားမင်းက ရေစင်ဖျန်းသဖြင့်နဂိုအတိုင်းပြန်ဖြစ်ကြောင်း၊ သို့ရာတွင် ဟနုမန်သည် အငြိမ်မနေ၊ ရသေ့ကျောင်း သင်္ခမ်း များကို နှောင့်ယှက်သဖြင့် ရသေ့များက ကျိန်ဆဲရာ၊ ဟနုမန်သည် မျောက်ဗိုလ် မျောက်ငယ် ဖြစ်သွားရကြောင်း၊ ရာမမင်းနှင့် တွေ့၍ ရာမမင်းက လက်ဝါးဖြင့် သုံးခါသပ်လျှင် နဂိုအတိုင်းပြန်ဖြစ်၍ ရာမမင်း၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်မည်ဖြစ်ကြောင်း ဇမ္ဗူမန်က ရာမအား လျှောက်ပုံ၊ ထိုအခါရာမက မျောက်ဗိုလ်ကို လက်ဝါးဖြင့်သုံးခါသပ်သဖြင့် ဟနုမန်သည် နဂိုအတိုင်း ခွန်အား ဗလနှင့် ပြည့်စုံသောမျောက်ကြီးဖြစ်လာပုံ၊ ထိုနောက် သိဿိုကျွန်း၌ သီတာ အသက်ရှင်လျက် ရှိမရှိ၊ ရှိလျှင် ဒသဂီရိနှင့် အလိုတူမတူ သိလိုသဖြင့် ရာမသည် ဟနုမန်အား လက်စွပ်ကို အမှတ်သက်သေအဖြစ် ပေးအပ်၍ သိဿိုကျွန်းသို့ အခုန်ခိုင်းပုံ၊ ဟနုမန် ခုန်ရာ လမ်းတွင် မဏိမေခလာကို တွေ့ခဲ့ရပုံတို့ကိုဖွဲ့ဆိုထားသည်။

(င) သုန္ဒရပိုင်း၊ (ဂု-ဆာ)

သုန္ဒရပိုင်းတွင် ဟနုမန်သည် သိဿိုကျွန်းသို့ရောက်၍ ညအချိန်၌ ဒသဂီရိနန်းတော်သို့ ဝင်ပုံ၊ သီတာကိုရှာရာ မန္ဒောဒရီနှင့်ဒသဂီရိတို့ကို မြင်သဖြင့် သီတာဟု အမှတ်မှားမိ၍ ဝမ်းနည်းပုံ၊ မန္ဒောဒရီမှန်း သိလာသောအခါမှာမှ အားတက်၍ ဆက်ရှာပုံ၊ ဣန္ဒဇိတ၊ ဂုမ္ဘကဏ္ဏ၊ ဗိဘီဇနတို့၏ အိမ်တော်များ၌လည်း ရှာရာ သီတာကိုမတွေ့ပုံ၊ အိပ်ပျော်သွားရာ အိပ်မက်ထဲ၌ သီတာကို သော်က ဥယျာဉ်၌မြင်ပုံ၊အိပ်မက်အရသော်ကဥယျာဉ်သို့သွား၍ ရှာရာ သီတာပင်ပန်းဆင်းရဲသည်ကိုမြင်ပုံ၊ ထို့နောက် ဒသဂီရိနှင့် မန္ဒောဒရီတို့ဝင်လာကြ၍ ဒသဂီရိကသီတာကို သွေးဆောင်ပုံ၊ သီတာကငြင်းပုံ၊ နှင့်ခေါင်း ၁၀ လုံးပြတ်စေမည်ဟုပင် သီတာက ကြိမ်းဝါးသည်ကို ဟနုမန် ကြားပုံ၊ ဒသဂီရိ အမျက်ထွက်၍ တစ်လ စောင့်ဦးမည် ပြော၍ ဥယျာဉ်မှ ထွက်သွားပုံ၊ ဂုမ္ဘီလူးကို အစောင့် ထားခဲ့ပုံ။

ဟနုမန်သည် ပုန်းကွယ်ရာမှထွက်လာ၍ သီတာနှင့်တွေ့ပုံ၊ သီတာကမယုံသဖြင့် ဟနုမန်က ရာမ၏ လက်စွပ်ကိုပြ၍လျှောက်ထားပုံ၊ ထိုအခါသီတာက မောင်တော်ရာမသည်

သိင်္ဃိုသို့ ချီလာစေချင်ကြောင်းမှာပုံ၊ ဟနုမန်သည် ရာမ၏ ဘုန်းတန်ခိုးကို ဘီလူးများခန့်ညားအောင်ဥယျာဉ်စောင့် ဘီလူးတို့ကိုဝိုက်ခိုက်ရာ ဣန္ဒဇိတရောက်လာပုံ၊ ဟနုမန်သည် သိင်္ဃိုမြို့ အနေအထားကို သိလိုသေးသဖြင့် ဣန္ဒဇိတ၏ အဖမ်းကို ခံလိုက်ပုံ၊ ဒသဂီရိက ဟနုမန်ကို သတ်စေဟု အမိန့် ပေးရာ သူ့အမြီးကို အဝတ်ပတ်၍ မီးရှို့သတ်မှသေမည်ဟု ဟနုမန်ပြောပုံ၊ ထို့နောက် ဟနုမန်၏ အမြီးကိုမီးရှို့ကြပုံ၊ ဟနုမန်သည် ဒသဂီရိ၏ နန်းမြို့ကိုခုန်၍ မြို့ပြင် လေးရပ်တွင် တစ်အိမ်မှတစ်အိမ်သို့ ခုန်ပုံ၊ ထို့ကြောင့် မြို့မီးလောင်ပုံ၊ ဟနုမန်သည် သီတာ့ထံပြန်လာ၍ သူနှင့်အတူလိုက်ရန်လျှောက်ပုံ၊ သီတာက ဆံခုနစ်ချောင်းကို သာပေးလိုက်ပုံ၊ ထို့နောက်ဟနုမန်သည်သခြပြပန်းပန်လျက်ရာမရှိရာသမုဒ္ဒရာကမ်းခြေသို့ပြန်ရောက်လာ၍ ဆံခုနစ်ချောင်းကို ဆက်ကာ အလုံးစုံ လျှောက်ထားပုံ တို့ကို ဖွဲ့ဆိုထားသည်။

(၈) ယုဒ္ဓပိုင်း (ဆိ - ဈာ)

ယုဒ္ဓပိုင်း တွင် သမုဒ္ဒရာ ကမ်းခြေမှ သိင်္ဃိုကျွန်း အထိ ကျောက်တန်း ဆည်ကြရာ ဃဏ္ဍာမ ပုစွန်သည် ကျောက်တန်းကို ဖျက်ဆီးပုံ၊ ဟနုမန်ရေငုပ်လျက် ပုစွန်ကိုဖမ်း၍ ရာမအားဆက်ပုံ၊ ထိုနောက် ကျောက်တန်းကို ဆည်မြဲဆည်၍ ပြီးစီးသဖြင့် ရာမတို့သည် ကျောက်တန်းမှတစ်ဆင့် မျောက်တပ်များနှင့် တကွ သိင်္ဃိုကျွန်းသို့ ရောက်ကြပုံ၊ မြို့အနီး၌ တပ်စခန်းချ၍ နေကြပုံ၊ ရှေးဦးစွာ အောင်ဂွတ်ကို တမန်အဖြစ်စေ၍ သီတာကို အတောင်းခိုင်းပုံ၊ အောင်ဂွတ်သည် ဒသဂီရိ၏ပလ္လင်အမြင့်ထက် တစ်ထွာပိုမြင့်အောင် သူ့အမြီးကိုခွေ၍ ပလ္လင်ပြုပြီးနောက် ထိုင်လျက် ရာမ၏ဆန္ဒကို ပြောပြပုံ၊ ဒသဂီရိအမျက်ထွက်၍ အောင်ဂွတ်ကိုအဖမ်းခိုင်းရာ အောင်ဂွတ်သည် အဖမ်း မခံဘဲ ဘီလူးတို့ကို တိုက်၍ ပြန်လာပုံ။

ဒသဂီရိသည် ညီလာခံ၌ ဘီးလူးအမတ်တို့နှင့်တိုင်ပင်ရာ ဘီလူးအမတ်တို့က ရာမကို စစ်ထိုးရန် လျှောက်ကြပုံ၊ ဗိဘီဇန တစ်ဦးတည်းကသာ သီတာကို ရာမထံ ပြန်ပို့ရန် လျှောက်ပုံ၊ ထိုအခါ ဒသဂီရိအမျက်ထွက်၍ ဗိဘီဇနကို ခြေနင်းဖြင့် ပုတ်ခတ် သဖြင့် ဗိဘီဇနသည် ညီလာခံမှထွက်၍ ရာမထံသို့ ဝင်လာပုံ။

ရာမ၊ လက္ခဏ တို့သည် တပ်များကို နှိုးဆော်၍ ညာသံပေးသောအခါ ဒသဂီရိသည် သားတော် ဣန္ဒဇိတ ကို လွှတ်၍ အတိုက်ခိုင်းပုံ၊ ရာမနှင့် ဣန္ဒဇိတတို့တိုက်ပွဲတွင် အိန္ဒဇိတသည် ကိုယ်ဖျောက် နိုင်သဖြင့် ရာမလွှတ်သော မြားသည် ဣန္ဒဇိတကိုမထိမှန်ဘဲ ဣန္ဒဇိတ လွှတ်သော နဂါးပတ်လက်နက်ကသာ ရာမကိုထိသဖြင့် ရာမ မေ့မူးပုံ၊ ထိုအခါဟနုမန်သည် ဂန္ဓမာဒနတောင်သို့ အပြင်းသွား၍ သုဝဏ္ဏ ပဏ္ဏာ ဆေးပင်ပေါက်ရာဖြစ်သော တောင်ထိပ်ကို ဖဲ့၍ လက်ကတီးကြား၌ ညှပ်၍ ယူလာပုံ၊ တောင်ထိပ်၌ ပါလာသော ဆေးပင်ဖြင့် ကုစားရာ ရာမအမူးပြေပုံ။

ထို့နောက် ဣန္ဒဇိတ ကို မြင်အောင်မည်သို့ စီရင်ရမည်နည်းဟု မေးရာ ၁၂ နှစ် ကာလပတ်လုံး မိန်းမမျက်နှာကို မကြည့်ဖူးသောသူသာ ဣန္ဒဇိတကို မြင်နိုင်ကြောင်း ဗိဘီဇနကလျှောက်ပုံ၊ ထိုအခါ လက္ခဏက အယုဒ္ဓယမှ ထွက်လာ ကတည်းက မိမိ၏ အဓိဋ္ဌာန်ဖြင့် မရီးတော်၏ မျက်နှာကိုပင် မော်မဖူးခဲ့ကြောင်း၊ သူ့အဓိဋ္ဌာန်ကြောင့် ဣန္ဒဇိတကို မြင်နိုင်မည်ဖြစ်ကြောင်း လျှောက်ပုံ၊ ဣန္ဒဇိတနှင့် ဒုတိယ အကြိမ် တိုက်ကြသောအခါ လက္ခဏ သည် ဣန္ဒဇိတ ကို လက်ညှိုးညွှန်ပြနိုင်သဖြင့် ညွှန်ပြရာသို့ ရာမသည် မြားလွှတ်ရာ ဣန္ဒဇိတ ကျဆုံးပုံ၊ ထို့နောက် ဒသဂီရိ၏ညီတော် ဂုမ္ဘကဏ္ဏ ထွက်တိုက်ရာ ဂုမ္ဘကဏ္ဏ ကျဆုံးပုံ၊

သားတော်ရော ညီတော်ရော ကျဆုံးကြသောအခါ ဒသဂီရိသည် ရာမကို နှိမ်လိုသဖြင့် ယတြာပြု၍ ယဇ်ပူဇော်ပွဲ ကျင်းပရာ၊ ရာမသည် ဝိဘီဇနဏ်၏ အကြံပေးချက် အရ ဟာနုမန်နှင့် ဧအောင်ဂွတ်တို့ကို လွှတ်၍ ယဇ်ပူဇော်ပွဲကို အဖျက်ခိုင်းပုံ၊ ယဇ်ပူဇော်ပွဲပျက်သဖြင့် ဒသဂီရိကိုယ်တိုင်ချီလာ၍ နဂါးလက်နက်ကိုလွှတ်ရာ ရာမကိုထိမှန်၍ ရာမ မေ့မူးပုံ၊ ယခင် သုဝဏ္ဏပတ္တာ ဆေးဖြင့်ပင် ကုစားသဖြင့် ရာမ အမူးပြေပုံ။

နောက်တစ်ကြိမ် ဒသဂီရိနှင့်တိုက်ရာတွင် ရာမသည် ဝိဘီဇနဏ်၏ အကြံပေးချက် အရ အဆုစန္ဒာလေးကိုအသုံးပြုမည်ဖြစ်ရာ ဒသဂီရိသည် ထိတ်လန့်၍ ရထားထက်မှ ဆင်းလာကာ အသက်ချမ်းသာပေးရန် ရာမအား ပန်ကြားပုံ၊ ထိုအခါရာမက သူ့အသက်ကို မဖျက်လိုသော်လည်း မကောင်းသူကိုဖယ်၍ ကောင်းသူကို ကယ်ရမည် ဟူသော သူ့အမိန့်အတိုင်း ပြုကျင့်ရန် ရှိကြောင်းပြောပြပုံ၊ ထိုအခိုက် ဒသဂီရိသည် ကောင်းကင်သို့တက်ပြေးမည်အပြုတွင် မြားမှန်၍ ထန်းမှည့်ခိုင်ကို ချိုင်လိုက်သဖြင့် တစ်ခိုင်လုံးကြွေကျဘိသကဲ့သို့ ခေါင်းဆယ်လုံးသည် ကြွေကျမြေခကြပုံတို့ကို ဦးအောင်ဖြိုး ဖွဲ့ဆို၍ နိဂုံးချုပ်ခဲ့သည်။ မီးပုံ၌ သီတာဆင်းပြပြီးနောက် ရာမနှင့်သီတာတို့ ပြန်ပေါင်း ကြရကြောင်းကို ဦးအောင်ဖြိုး ထည့်မဆို ခဲ့သော်လည်း ဦးအောင်ဖြိုး၏ သာချင်းပရိသတ်သည်သိပြီး ဖြစ်မည်ဟု ယူနိုင်ပါသည်။

ဤတွင် ဦးအောင်ဖြိုး၏ ရာမ သာချင်းသည် ဝါလမိကီ၏ မူလသက္ကတ ရာမာယဏ ကဗျာနှင့် မည်မျှတူ၍ မည်မျှ ကွာသည်ကို စိစစ်လိုလျှင် စိစစ်နိုင်ပေပြီ။ သတိပြုရန်မှာ မူလသက္ကတရာမာယဏ ကဗျာနှင့် ကွာပုံကို ဆိုရာတွင် မြန်မာရာမစာတို့၌မည်ကဲ့သို့သော ပြောင်းလဲချက်များ ရှိခဲ့ကြသည်ကို ဆိုလိုရင်းဖြစ်သည်။ ထိုအခါ ထိုသို့ရှိခဲ့ခြင်းသည် မြန်မာနိုင်ငံ၌ သက္ကတရာမာယဏကို ခေတ်အဆက်ဆက်တွင် အတော်ကြာမျှ မြန်မာဘာသာဖြင့် တစ်ဆင့်စကား တစ်ဆင့်ကြား၍ မှတ်သားခဲ့ရသော သဘော ကြောင့်လည်းကောင်း၊ ရေခြားမြေခြား သဘောကြောင့်လည်းကောင်း၊ ခံယူသောလူမျိုး၏ ဉာဏ်အား၊ အကြိုက်အား၊ စာရိတ္တအမြင်အားတို့ကြောင့် လည်းကောင်း ဖြစ်မည်ဟု ယူဆရန်ဖြစ်သည်။

ကွာချက်ရှိသည် တို့ကို အကြောင်းပြုလျက် ဂုဏ်မြင့်ဂုဏ်နိမ့်ပြသနာ၊ ကိုယ်မှန် သူမှား ပြသနာ ပြင်းပြင်း ထန်ထန် ပေါ်ရန်လိုမည်မထင်ပါ။ ကွာ ချက် တို့ ကြောင့် ရာမစာ၏ သဘော၌ လောကလူမှုအကျိုးကို မထိခိုက်သမျှကာလပတ်လုံး အကြောင်း အားလျော်စွာ ဆင်ခြင်၍ လက်ခံကြရန်သာ ဖြစ် သည်။ ပြင် လျှင် ပိုကောင်းလာနိုင်သောကွာချက်ကို တွေ့ ၍ ပြင်ချင်စိတ် ပေါက်လျှင်လည်း ဆင်ခြင် ၍ ပြုသင့်သည် ထင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ကွာချက်တို့ ဖြစ်ပေါ်ခဲ့ကြသည်မှာ မြန်မာအမျိုးသားတို့၏ မြန်မာရာမစာတို့၌သာမဟုတ်ပါ။ အိန္ဒိယ နိုင်ငံ အတွင်း၌ နေထိုင်လာခဲ့ကြသော ကလယ် (မိလ) အမျိုးသား၊ ဘင်္ဂါလီ အမျိုးသား၊ ဂုဂျရာတီ အမျိုးသား၊ ကသ္မီယ အမျိုးသား စသည်တို့၏ အမျိုးသားဆိုင်ရာ အိန္ဒိယ တိုင်းရင်း ဘာသာ ရာမစာ အမျိုးမျိုး၌ပင် သူ့ ဉာဏ်၊ သူ့ အကြိုက်၊ သူ့ အမြင် အလိုက် တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဟူဘိသကဲ့သို့ဖြစ်ပေါ်ခဲ့၍ ယခုတိုင် ရစ်တည် နေကြသောကြောင့် ဖြစ်သည်။ ထိုနည်းတူစွာ အိန္ဒိယ၏အပ၌ရှိ၍ အိန္ဒိယရာမာယဏကို သုံးစွဲနှစ်ခြိုက်ကြသော တိဗက်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လော၊ ထိုင်း စသည်တို့၏အမျိုး

သားဆိုင်ရာ တိုင်းရင်းသားဘာသာရာမစာ အမျိုးမျိုး၌လည်း ထိုသဘော အတိုင်းပင် ဖြစ်ပေါ်ခဲ့သောကြောင့် ဖြစ်သည်။

ဦးအောင်ဖြိုး၏ ရာမသာချင်းကဗျာကို ဝါလမိကီ၏ မူလသက္ကတရာမာယဏကဗျာ နှင့်ယှဉ်ကြည့်လျှင် ဤသို့တွေ့နိုင် ပါ သည်။ ထိုကဗျာ နှစ်ပုဒ်သည် သီတာဒေဝီကို ရာမ ရပုံ၊ သီတာဒေဝီကို ဒသဂီရိ ဆောင်ယူပုံ၊ သီတာဒေဝီကိုပြန်ရအောင် ရာမ အားထုတ် သဖြင့်ပြန်ရလာပုံအစဉ်ကို ပြသော အခြေခံ ဇာတ်လမ်းအရာတွင် အပြောင်း အလဲ မရှိ တူကြသည်ကို တွေ့နိုင်သည်။

ထို ဇာတ် လမ်း အတွင်းရှိ ဇာတ်ခန်း ဇာတ်ကွက်အချို့၌သာကွာကြသည်ဟုဆိုရာ သည်။ ဦးအောင်ဖြိုး၏ ရာမ သာချင်းတွင် အထူးသိအပ်သည်ဟု ယူဆသော ကွာချက် ၁၆ ခုလောက်ကို ထောက်ပြလိုသည်။

ထိုကွာချက် တို့ သည် ဗာ လ ပိုင်း တွင် (၁) ဒသဂီရိညီနောင်ဖွားခန်း၌ ဖြည့် ချက် ပါလာခြင်း၊ (၂) ရာမညီနောင်ဖွားခန်း၌ ဖြည့်ချက်ပါလာခြင်း၊ (၃) သီ တာ ဖွား လာပုံ၌ ဖြည့်ထားခြင်း၊ (၄) သုမိတ္တရာ မိဖုရားမှ သတ္တရုဃနသည်လည်းကောင်း၊ ကေကေ မိဖုရားမှ လက္ခဏနှင့် ဘရတတို့ သည်လည်းကောင်းဖွားလာသည်ဟုပြပြင်၍ ဆိုထားခြင်း၊ (၅) မိတ္တီလာ လေးတင်ပွဲ၌ ဒသဂီရိပါဝင်ယှဉ်ပြိုင်လာပုံ ကို ဖြည့် ထား ခြင်းတို့ဖြစ်သည်။ အယုဒ္ဓယပိုင်း၌ (၆) မှော်ရုံ တော၌ ရာမတို့သည် ၁၄ နှစ် အစား ၁၂ နှစ်ကြာမျှနေတိုင်ရသည်ဟု ပြုပြင်ထားခြင်း ဖြစ်သည်။ အရည ပိုင်း ၌ (၇) သူ့မှနခနှင့် မ ရိ ဆ တို့ အ စား ဂန္ဓ ဗ္ဗ ဟု ဇေရ ည ၌ ပြုပြင်၍ ဆို ထား ခြင်း၊ (၈) ဇာ ဋ္ဌာ လု ငှက် ခန်း ကျ ကျန် ခဲ့ ခြင်း တို့ ဖြစ် သည်၊ ကိသကိန္ဓပိုင်း၌ (၉) မလယတောင်မှနေ၍ သုကြိတ်က ရာမတို့ကို မြင်သဖြင့် ဟနုမန်ကို လွှတ်၍စုံစမ်းခိုင်းသောအခန်းအစား ရာမ နှင့် သုကြိတ်တို့ ကြို့ပင်အောက်၌လွမ်းစရာ တွေ့ကြပုံအခန်းကို ဖြည့်ထားခြင်း၊ (၁၀) သမ္ပာတိ ငှက်ခန်း ကျကျန်ခြင်း၊ (၁၁) ဟနုမန်၏နောက်ကြောင်းနှင့် ရာမက လက် ဝါးဖြင့် သုံးကြိမ်သပ်ပုံအခန်းကို ဖြည့်ထား ခြင်း၊ (၁၂) လက်ရှိပေမူ၌ ဇမ္ဗူမန်သည် ဝက်ဝံမဟုတ်တော့ဘဲ မျောက်ဝန်ဟု ဝန်ကို နသတ်ဖြင့်ဆိုထားခြင်းတို့ ဖြစ်သည်။ (သေး သေးတင်ဝံဖြစ်လျှင်ကား ဝက်ဝံဟု ယူဆနိုင် သည်၊ ယခုမူ မကွဲမပြား ထင်ယောင်ထင် မှားဖြစ်လာရသည်)၊ ယုဒ္ဓပိုင်း၌ (၁၃) ဆာဏ္ဍာဇပုစ္ဆန် အခန်း ကို ဖြည့် ထား ခြင်း၊ (၁၄) တစ်ဆယ့်နှစ်နှစ် ကာ လ အ တွင်း မိန်းမ၏ မျက်နှာကို အမိဋ္ဌာန်ဖြင့် မကြည့်ခဲ့ သော လက္ခဏကသာ ကိုယ်ရောင် မျောက် တတ်သော ဣန္ဒမိတကို မြင်နိုင်သောကြောင့် လက္ခဏကညွှန်ပြရာသို့ ရာမကမြားကိုလွှတ် ပုံကို ဖြည့်ထားခြင်း၊ (၁၅) ဣန္ဒမိတ ၏ ယစ်ပူဇော်ပွဲအစား ဒသဂီရိ၏ ယစ်ပူဇော် ပွဲဟုပြုပြင်ထားခြင်း၊ (၁၆) ဒသဂီရိကိုယ် တိုင် ထွက်တိုက်သော တိုက် ပွဲ၌ လက္ခဏ အစား ရာမမေ့မူးသည်ဟု ပြုပြင် ထားခြင်း တို့ဖြစ်သည်။

ဤသို့ဖြင့်မြန်မာရာမသည်ပုဂံခေတ်၌ထွန်း ကားခဲ့ သည် ဟု ယူ ဆ အပ် သော ဝါလ မိကီ၏ သက္ကတရာမာယဏအပြောအဟော ဘဝမှ ဆယ့်ရှစ်ရာစုနှစ်အတွင်းဦးအောင်ဖြိုး ရေးခဲ့သော ရာမသာချင်းဘဝအထိကွာချက် အမျိုးမျိုးဖြင့်ပြောင်းလဲ ကြီးထွားခဲ့သည်ဟု ဆိုနိုင်သည်။ ထိုသို့ပြောင်းလဲကြီးထွားခဲ့သည် မှာ မြန်မာဥာဏ်၊ မြန်မာအကြိုက်၊ မြန်မာ စရိတ္တ အမြင်တို့ကြောင့် လည်း ဖြစ် နိုင်၍ အိမ်နီးနားချင်းတိုင်းပြည်များကရာမဝယက် အမျိုးမျိုးကြောင့်လည်း ဖြစ်နိုင်သည်။ ဤ အချက်သည် မြန်မာရာမသုတေသီတို့ဆက်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာစရာ ကောင်း သောအချက်ဖြစ်သည်။

ယခုအခိုက်အတန့်၌ဆိုချင်သည်မှာ ထိုသို့ပြောင်းလဲကြီးထွားခဲ့ခြင်းသည် ယေဘုယျအားဖြင့် ၁၂ ရာစုက ကလယ်ကဝိကန်ဗန်ရေးခဲ့သော ကလယ်ရာမကဗျာ၏ ဂယက်ရိုက်မှုကြောင့် လည်းကောင်း၊ ၁၆ ရာစုက ဘင်္ဂါလီကဝိကြိတ္တိဗာသ ရေးခဲ့သောဘင်္ဂါလီရာမ ၏ ဂ ယက် ရိုက် မှု ကြောင့် လည်းကောင်း၊ ၁၆ ရာစုကပင် ဟိန္ဒီကဝိတုလသိဒတ် ရေးခဲ့သော ဟိန္ဒီရာမ၏ ဂယက်ရိုက်မှုကြောင့်လည်းကောင်း ဖြစ်နိုင်သည်ဟု ဆိုချင်သည်။ ထို့ပြင်မြန်မာနိုင်ငံသည် ၁၃ ရာစုမှ ၁၈ ရာစုအထိဖြစ်မှုသော ကာလ အ တွင်း၌ မလေးရှားနှင့်လည်းကောင်း၊ အင်ဒိုနီးရှားနှင့်လည်းကောင်း၊ လော၊ ဇင်းမယ်၊ ယိုးဒယားတို့နှင့်လည်းကောင်း၊ အာသံမဏိပူရတို့နှင့်လည်းကောင်း၊ သွယ် ဝိုက်၍ လည်းကောင်း၊ တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဆက်အသွယ်ဖြစ်ခဲ့ဖူးသောကြောင့်လည်း ဖြစ်နိုင်သည်ဟုဆိုချင်သည်။ ပုံစံပြရသော် လေးတင်ပွဲ၌ ဒသဂီရိကိုယ်တိုင် လေး တင်သောအကြောင်းသည် မ လေး ရှား ရာမ၌ လည်းကောင်း၊ လောရာမ၌လည်းကောင်း ရှိသည်ဟုသိရသောကြောင့် ဖြစ်သည်။

ဦးအောင်ဖြိုး၏ ရာမသာချင်း ပေါ်ပြီးသည့်နောက်ပိုင်းတွင် ၁၉၁၀ ခုနှစ် အထိ (၁) သီတာရကန်၊ ထို့နောက် (၂) ရာမရကန်၊ ထို့နောက် (၃) ဘိုးတော်ဘုရားလက်ထက်သားတော်အိမ်ရှေ့မင်း၏ အမိန့်တော်ဖြင့် ရေးခဲ့သည်ဟု သိရသော ရာမပြဇာတ်၊ ထို့နောက် (၄) "၁၁၆၂ ခု (၁၈၀၀) မြေထဲမင်းကြီးသည် ကျေးကုလားတို့ ဘာ သာ အ ရေး မှ မြန် မာ ဘာ သာ ပြန် ၍ ဇ ရပ် ဒကာ ဦး ဘိ က ဆက်သည်။ အင်္ဂါရေ ၄၆ အ င်္ဂါ ရှိ ၏။ ကလယ်ရာမ ခေါ်ဝေါ်သည်။"ဟု ပုရပိုက်အမှတ်အသားဖြင့်ရှိသောရာမ၊ ထို့နောက် (၅) မဟာရာမ စကားထူးပါသော ရာမစကားပြေ၊ ထို့နောက် (၆) သီရိရာမစကားထူးအသုံးပါသောရာမပြဇာတ်၊ ထို့နောက် (၇) ဆတိုင်မှတ် ဦးကူးရေး၍ ၁၈၈၀ ပြည့်နှစ်၌ ရန်ကုန်တွင်ပုံနှိပ်သော ပုံတော်ရာမပြဇာတ် (ပထမပိုင်း)၊ ထို့နောက် (၈) ဆရာထွေးရေး၍ ၁၉၀၄ ခုနှစ်တွင် ပုံနှိပ်သော 'ရာမသုံးမျိုးဇာတ်တော်ကြီး ဝတ္ထု' စကားပြေ၊ ထို့နောက် (၉) ရခိုင်သာချင်းဆရာ၊ ဆရာထွန်းရေး၍ ၁၉၀၅-၆ ခုနှစ်တွင် ပုံနှိပ်သော အမေလာင်းရာမသာချင်း၊ ထို့နောက် (၁၀) မားပိန် ဆရာဦးမောင်ကြီးရေး၍ ၁၉၁၀ ပြည့်နှစ်၌ ပုံနှိပ်သော ပုံတော် ရာမ လက္ခဏာပြဇာတ် (ပထမပိုင်း) တို့ရှိခဲ့ကြပါသည်။

ထိုရာမစာပေတို့အကြောင်းကို မဆက်ခင် လေးတင်ပွဲအကြောင်း ရေးကြသောစာများနှင့် စပ်လျဉ်း၍ "ထောင် (ခေါင်) တိုက်နှင့်" "လေးတင်" ဟူသော စကားနှစ်ရပ်၏အနက်ကို စိစစ် ကြည့်ချင်သေးသည်။

ထောင်တိုက်ဟူသောစကားကို ယုဒသန်၏ မြန်မာ-အင်္ဂလိပ် အဘိဓာန်၌ လေးကိုကွေး၍ လေးညှို့တပ်သည်ဟု အင်္ဂလိပ်ဘာသာဖြင့်အနက်ပေးခဲ့သည်။ ထို့ပြင်ထိုအနက်နှင့်တွဲလျက် လေးတင်ဟူသော မြန်မာစကားကို အလဲအလှယ်သဘောဖြင့် ပြခဲ့သေးသည်။ တစ်ဖန် ထိုအဘိဓာန်၌ပင်လေးတင်ဟူသောစကားကို လေးကွေးသည်ဟုလည်းကောင်း၊ လေးညှို့တပ်သည်ဟုလည်းကောင်း အင်္ဂလိပ်ဘာသာဖြင့်ခွဲ၍ အနက်ပေးပြန်သည်။ ထို့ပြင် ထိုအနက်နှင့်တွဲလျက် လေးညှို့တင်ဟူသောမြန်မာစကားကိုလည်းကောင်း၊ ထောင်တိုက်ဟူသောမြန်မာစကားကိုလည်းကောင်း အလဲအလှယ် သဘောဖြင့်ခွဲ၍ပြပြန်သည်။ ထို့ကြောင့်ထိုအဘိဓာန်၏အလိုအရ ထောင်တိုက်နှင့် လေးတင်တို့သည် အနက်တူဖြစ်သည့်အခါဖြစ်၍ လေး

ကွေးသည့် အနက်တစ်ခုတည်း ထွက်သည့် အခါထွက်၍လေးညို့တပ်သည် အနက် တစ်ခုတည်း ထွက်သည့်အခါ ထွက်သည်ဟုယူရမည်ကဲ့သို့ဖြစ်သည်။ ထိုသို့ဖြစ်လျှင်ထောင်တိုက်နှင့်လေးတင်သည် အနက်အရာ၌မပြတ်မသားဖြစ်နေပြီဟုယူရတော့မည်။ သို့ရာတွင် ဘဝင်မကျစရာ ဖြစ်နေသည်။ ထို့ကြောင့် ဆက်၍ စုံစမ်းကြည့်မိသည်၊ ယနေ့ အထိ တွေ့သည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အစဉ်အလာအတိုင်း ကပြ ခဲ့ကြသော မြန်မာရာမပွဲများတွင် လေးတင်ခန်းများကို ကပြကြသောအခါ ဒသဂီရိသည် လေးကို ချိမပြီးသည့်နောက် လေးကိုင်းကို ကွေး၍ လေးညို့တပ်ရာတွင် လေးညို့ မတပ်နိုင်၍ လက်လျှော့ရပုံကိုလည်းကောင်း၊ ရာမသည် လေးကိုချိမပြီးသည့်နောက် လေးကိုင်းကို ကွေး၍ လေးညို့တပ်ရာတွင် လေးညို့ တပ်နိုင်ပုံကိုလည်းကောင်း၊ ထို့နောက် ရာမသည် လေးကိုကွေး၍ လေးညို့တပ်ပြီး ဖြစ်သောလေးဖြင့် ဒသဂီရိကို ခြိမ်းခြောက်ပုံ၊ ပစ်ပုံတို့ကိုလည်းကောင်း မြင်ကြရပါသည်၊ ဤတွင် မယ်သီတာကို မရသော ဒသဂီရိ၏ အားထုတ်မှု၌ လေးညို့မတပ်နိုင်သောအမူအရာသည်(ဝါ) လေးမတင်နိုင် အမူ အရာသည် ထင်ရှားပါသည်၊ မယ်သီတာကိုရသော ရာမ၏ အားထုတ်မှု၌ လေးညို့တပ်နိုင်သော အမူအရာသည် (ဝါ)လေးတင်နိုင်သော အမူအရာသည် ထင်ရှားပါသည်။ လေးတင်ပွဲ၌ ထိုသို့ဇာတ်ခင်းကြသည်တို့ကို ထောက်သော် လေးညို့ တပ်နိုင်သည်ကို လေးတင်နိုင်သည်ဟုသော် လည်းကောင်း၊ လေးတင်သည်ကို လေးညို့ တပ်နိုင်သည်ဟုသော်လည်းကောင်း ပြတ်သားစွာ ကောက်ရမည်ကဲ့သို့ဖြစ်သည်။ ထိုသို့ ကောက်ရမည် ဖြစ်လျှင် မြန်မာစကား၌ ထောင်တိုက်သည် ဆိုခြင်းသည် လေးတင်သည် ဆိုခြင်းနှင့် အတူတူဖြစ်နိုင်ပါတော့မည်လော၊ အတူတူ မဖြစ်သင့်ဟု ဆိုချင်စိတ်ပေါက်သည်၊ ထို စိတ်ပေါက်သည်မှာ အောက်ပါသက်သေတို့ ကြောင့်လည်းဖြစ်သည်၊

ထောင်တိုက်သည်ဆိုသောစကားအသုံးကို ဦးအောင်ဖြိုး၏ ရာမသာချင်း၌ လည်းကောင်း၊ ဦးတိုး၏ ရာမရကန်၌လည်းကောင်း၊ ဆရာထွန်း၏ အလေ်ာင်း ရာမသာချင်း၌လည်းကောင်းတွေ့နိုင်သည်၊

ရာမသာချင်း၌ ဒသဂီရိ လေးတင်ရန် အားထုတ်ပုံကို (ပြည်သိန်းခိုမှုး၊ ဘီလူးခြိမ်းခြောက်၊ လက်ပန်းပေါက်ကို၊ မြှောက်တည်ခတ်လွှား၊ ခေါင်းဆယ်မြွာနှင့်၊ ငါတကာ့ဟူ၊ ကြွားခနဲထ၊ တင်တည့်ကမူ၊ ခွင့်ရပိုင်ပိုင်၊ ထောင်တိုက်ပိုင်၏၊ ရွှေစိုင်မြက်ပျံ၊ အလျှံ ဖြိုဖြို၊ နတ်ရှင်ပေးသည့်ရွှေလေးညှို့ကို၊ ကမ်းသို့ရောက်အောင် မတင်နိုင်၊မဆိုင်ထိုက်ကြ မရသင့်ချေ)၊ ဤတွင် ခွင့်ရပိုင်ပိုင် ထောင်တိုက်ပိုင်ဟူသော စကားစု၌ ထောင်တိုက်ပိုင်ခွင့်ရှိ၏ဟုလည်းကောင်း၊ ထောင်တိုက်နိုင်၏ဟုလည်းကောင်း ယူလျှင် ရနိုင်သကဲ့သို့ ဖြစ်သည်။ သို့သော်လည်း (ရွှေလေးညှို့ကို၊ ကမ်းသို့ရောက်အောင် မတင်နိုင်၊ မဆိုင်ထိုက်ကြ မရသင့်ချေ။) ဟုဆက်၍ ဆိုသည်ကိုထောက်သော် ထောင်တိုက်နှင့် လေးတင်သည် အနက်အရာ၌ မတူဟု ယူရမည် ကဲ့သို့ဖြစ်သည်။

တစ်ဖန် ရာမသာချင်း၌ပင်လေးမတင်နိုင်ပါဘဲလျက်သီတာကိုခြိမ်းခြောက်တောင်းဆိုသော ဒသဂီရိ၏ အကြိုးအဝါး စကားကို ရာမက ဖော်ထုတ်ရာ၌ (နတ်စက် ညှို့ကို၊ ကမ်းသို့တိုင်တိုင်၊ တင်ပေးနိုင်က၊ ပိုင်မည်ကေန်၊ မှန်တော့သည်ဟု၊ကတိပြုလျက်၊အမူထောင်ထား၊ သိန်းနိုစားသည်၊ သောကားနိုင်းမိုက်၊ မနှစ်မြို့က်အောင်၊ ထောင်တိုက်

နိုင်ထ၊ သည်လောက်မျှနှင့်၊ မမာဟ ရှက်မြေး၊ သမီးပေးဟု၊ အရေးကွေ့လည်း၊ ကြီး၀ါးသည်ကို) ဟု ဖွဲ့ခဲ့ပါသည်။ ဤအဖွဲ့တွင် ဒသဂီရိသည် ထောင်တိုက် နိုင်ရုံမျှနှင့် သီတာကို တောင်းသောစကားသည် မိုက်မဲသော စကားသာ ဖြစ်သည်ဟု အဓိပ္ပာယ်ထွက်ရာ ထောင်တိုက်နှင့် လေးတင် မတူပုံသည် ပြတ်သားလာပြီဟု ယူသင့်သည်။

ထိုနောက် ရာမရကန်၌ လေးပွဲသဘင်သို့ ရောက်လာသော မယ်သီတာကိုထီးဆောင်းမင်း တစ်ရာတို့က ဝိုင်းကြည့်ကြပုံကို (ထီးဆောင်းစုမှာလည်း မင်းပွဲရတနာ၊ ထောင်တိုက်နှင့် လေးဘပ်ကို၊ သဘင်တော် ကြည့်မည်လို့၊ ထွက်တည့်လို့လာလျှင်ဘက်၊ ပျာကရီးပျာကရာ မှန်းဘယ်ညာမှာ၊ မယ်သီတာ တစ်ပါးကို) ဟု ဖွဲ့ခဲ့သည်။ ထောင်တိုက်နှင့် လေးတင်တို့သည် အနက် အရာ၌ မတူကြသောကြောင့်သာ'နှင့်'ဖြင့် ခွဲ၍ ဆိုခဲ့ခြင်းဖြစ်သည်ဟု ယူသင့်သည်။

တစ်ဖန်ရာမရကန်၌ပင်(က)(သစ္စာလေးဆင့်၊ပွင့်တော်မူမည့်ထွတ်ဘုန်းတူ၊လူသူငယ်များ၊ ကစားသည့်လေးလို၊ နွဲ့ညို့ငွဲ့မောင်တော်၊မနော်မယ၊ တစ်ဖက်ချင်းကြွတဲ့လို့၊ မင်းတစ်ရာ့ဘောင်၊သေးရန်အောင်ကို၊ ရွှေထောင်တိုက်တော်မူသည်။) ဤတွင် ရာမသည် လေးကိုချိုး၍ထောင်တိုက်ပြီဟုသိနိုင်ပါသည်။ ထို့နောက် ဆက်တိုက်လိုက်လာသောအပိုဒ်တွင် (ခ) ရွှေထောင်တိုက်တော်မူသည်ဟု သိအပ်သော ရာမ၏လေးကြိမ်းစကားကို (ဆယ်သောင်းမိုလ်ခင်၊ တင်သည့်လေးကျော်၊မော်မော် ထောင်ထောင်၊ မာခေါင်ကြီးပင် ဖြစ်ဖြစ်၊ ငါ ဥပ ရာဇ်၊ ဘေးလောင်းတော်မြစ်၊ဘိုးချစ်ရှင့်မြေး၊ဘကြီးရင်သွေး၊နင်မကွေး၊ဘယ်လေးတဲ့လဲ၊ ဟိန်းပြင်ဟဲ့လို့၊ အမဲ့သက်မျှ၊ ငါကြိမ်းရ မလေ၊ နင်မျှလေးသိုး၊ ဘောင်ဘောင် ကျိုးရမည်။) ဟု ရာမ၏ နှုတ်အမူအရာ၌ ကွေး ဟူသော စကားကိုထည့်၍ဖွဲ့သည်။ ဤတွင် ထောင်တိုက်နေသော ရာမသည် လေးကို ကွေးအောင် အားထုတ်နေပြီဟု ယူနိုင်ပါသည်။ ထို့နောက်ဆက်၍ (ဂ) (တန်ခိုးပျံ့ရှင်၊ အရေးသာဆင်လို့၊ တင်လဲမတင်၊ ငင်လဲမငင်၊ပရိသတ်စုံလင်၊ အကုန် မြင်ရအောင်၊ ထောင်တင်စကြာ၊ လေးရောကို၊ ညာတန်းချည် ဘယ်တန်းချည်၊ ရှစ်မျက်နှာကို၊ချာချာလည်သည်၊ မြားဦးတည့်မိဘက်)ဟု ရာမ၏ ကိုယ်အမူရာကိုဖွဲ့သည်။ ဤတွင် ရာမသည် လေးညို့ကို တင်ခြင်းလည်း မပြုသေးဘဲ၊ ငင်ခြင်းမပြုသေးဘဲ ပရိသတ် အကုန်မြင်အောင် ပြနေသည်ဖြစ်ရာ ကွေးထားသော လေးကို ပြနေပုံရပါသည်။ ထို့ကြောင့် ဆိုခဲ့သော (က) (ခ)(ဂ)ပါအချက်သုံးချက်၏ အဆက်အစပ်ကိုထောက်လျှင် ထောင်တိုက်နှင့် လေးတင်တို့သည် အနက် အရာ၌ တခြားစီ ဖြစ်သည်ဟု ယူသင့်သည်။

ထို့နောက် ဦးတိုးကဆက်၍ (ချောလှသည့် သခင်၊ လေးစကြာ ရန်ပြိမ်မှာ၊ ရွှေညို့ညို့ပြောင်ဖိတ်ကို၊ရွှေလက်ညှိုးထိပ်ကယ်နှင့် တစ်ချောင်းချင်းချိပ်လို့မှ၊ရိပ်ခနဲတင်)ဟုဖွဲ့ခဲ့သည်ဖြစ်ရာ မြားမလွှတ်ခင် ရာမမင်းသား ပြုသော နောက်ဆုံးပိတ် အမူအရာသည် လေးညို့တင်ခြင်းသာ၊(ဝါ) လေးတင်ခြင်းသာ ဖြစ်သည်ဟု အဓိပ္ပာယ်ရသင့်ပါသည်။ ထိုအခါ လေးမတင်ခင် ရာမမင်းသားပြုသောအမူအရာသည် လေးကိုင်းကို ကွေးခြင်း၊(ဝါ) ထောင်တိုက်ခြင်း ဖြစ်သည်ဟု ယူသင့်သည်။ ဤတွင်လည်း ထောင်တိုက်နှင့် လေးတင်သည် အနက်အရာ၌ မတူဟု ယူရမည်ကဲ့သို့ ဖြစ်သည်။

ထို့နောက် အလောင်းရာမ သာချင်း၌ ဆရာတွန်းသည် လေးတင်ရန် အားထုတ်သော ဒသဂီရိ၏ အမူအရာနှင့် အခြေခံအခြမ်းစကားကို (ပြည်သိမ်းဘုရင်၊ ထွတ်ဘုရင်လည်း၊ တင်နိုင်လုလု၊ သည်အမူကြောင့် ဂရုစိုက်က၊လေးစကြာကို၊ သုံးခါတိုင်အောင်၊ အားကုန် ဆောင်ပျာ၊ ခေါင်

(ထောင်)လျှင် တိုက်မြောက်၊ ဆွဲကာ ငင်ကော၊ တင်မရောက်လည်း၊ သူလောက်တမူ၊ စွမ်းနိုင်သူလျှင်၊ တလူမရှိ၊ သို့ဖြစ်ဘိ၍ မယ်သီဒါချော၊ မြနန်းပိုင်လေ၊ ပင်တိုင်ဘွားကို၊ တရားသဖြင့်၊ ငါ့အပြင်လျှင်၊ အကြင်မင်းနှင့်၊ လျဉ်းမသင့်ဘူး၊ ထောက်ချင့် လိုက်သော်၊ ငါ ရာဇာသာလျှင်၊ ရရာထိုက်သည်၊ ဆိုတံ့ပေက)ဟု ဖွဲ့ဆိုခဲ့ရာ ဒသဂီရိသည် ထောင်တိုက်ခြင်း ပြီးမြောက်၍ လေးကို တင်ရန် အားထုတ်ရာ မတင်နိုင် ကြောင်း၊ သို့ပါသော်လည်း မည်သည့်မင်းမျှ သူ့လောက် မအောင်မြင်ခဲ့ကြသဖြင့် သူသာလျှင် မယ်သီတာကို ရထိုက်ကြောင်း ဆိုခဲ့သည်မှာ ထင်ရှားပါသည်။ ဤတွင်လည်း ထောင်တိုက်နှင့် လေးတင် မတူဟု ယူသင့်သည်။

တစ်ဖန် အလောင်းရာမ သာချင်း၌ပင် ရာမလေးတင်၍ မြားလွှတ်သည်ကို (ငါ၏ဘုန်းကြောင့်၊ တုနှန်းမရ၊ သောင်းမဏ္ဍလ၊ သတင်းကျော်ကော၊ မင်းရာမခြိမ်းပ ပြီးခါ၊ လေးစကြာကို လက်မှာကိုင်စွဲ၊ ဇူတ္တိယာတို့၊ ဝါဖလဲသို့၊ ဆွဲ၍ကိုင်ငင်၊ ထက်ကောင်းကင်ကို၊ မောင်းတင်ပြီးထွယ်၊ လေးရွှေစင်ကို၊ ဒေါင်လျှင် တိုက်ပျူငစ်လိုက်ကလေ)ဟု ဖွဲ့ထားသည်ကို တွေ့နိုင်သည်။ ဤတွင် ထောင်တိုက် ဟူသော စကားခွန်းနှင့် လေးပစ်ဟူသော စကားခွန်းတို့ အကြား၌ လေးတင်ဟူသော စကားခွန်းကိုမထည့်ဘဲ၊ တစ်ဆက်တည်းဆိုထားသည်ကို တွေ့ရသည်ဖြစ်ရာ တွေဝေစရာဖြစ်ရပြန်သည်။

သို့ရာတွင် ရာမသာချင်း၊ ရာမရကန်၊ အလောင်း ရာမသာချင်း သုံးစောင်လုံး၌ အများဘက်သို့ ယိမ်းနေသော အချက်သည် အနက်အရာ၌ ထောင်တိုက်နှင့် လေးတင် ကွဲကြသော အချက်ဖြစ်သည်။ လေးတင်၏ အနက်သည် ရှင်းနေသဖြင့် အထူးမဆိုတော့ပြီ။ ထောင်တိုက်၏အနက်သည် လေးမတင်ခင် ကွေးခြင်း ဖြစ်သည်ဟု ယူသော် ရနိုင်သည်။ဆင်ခြင်ကြပါရန်။ ဤကား စကားချပ်။

ရှေ့ပိုင်းက ဆိုခဲ့သောစကားတို့ကို ပြန်၍ကောက်ပါတော့မည်။ ကနဦး မြန်မာ့အစဉ်အလာဖြစ်သော ဦးအောင်ဖြိုး၏ ရာမသာချင်းကို နှောင်းမြန်မာ ပညာရှင်တို့ မည်သို့ မည်ပုံ အသုံးပြုသွားကြသည်ကို ယေဘုယျအားဖြင့် ဖော်ပြရန်ဖြစ်သည်။ ဦးအောင်ဖြိုး၏ ရာမသာချင်း ပေါ်ပြီးသည့် နောက်၊ ဦးတိုး၏ ရာမရကန်ပေါ်လာသည်။ထိုရကန်ကို ဘိုးတော်ဘုရား လက်ထက် ၁၁၄၆–ခုနှစ်၊ ၁၇၈၄–၌ ဦးတိုးရေးသည်ဟု ယူခဲ့ကြသည်။ သို့ရာတွင် ဦးတိုးကပင် သူ့ရကန်၏ အဦး အစ ဖြစ်သော ဘုရားရှိခိုး၌ (ပုရပိုက်လက်ခံ၊ ကန့်ကွက်နှင့်၊ ကေလာသရကန်၊ မဓနော်ဟရကန်၊မယ်သီတာရကန်၊ မင်းမတန် စိုးမတန်၊ တကဲ့ဟန်လို၊ လုပ်ပြန်ရှိသော မဟုတ်ပါပြီ)ဟု ဆိုခဲ့သည်။ လိုရင်းအချက်မှာ ထိုအဖွဲ့တွင် မယ်သီတာရကန်၊ စသည်တို့၌ ဟန်လုပ်သကဲ့သို့ သူရေးမည့် ရာမရကန်၌ ဟန်လုပ်မည်မဟုတ်ဟု ဆိုထားခြင်း ဖြစ်သည်။ ထိုအဆိုကို ထောက်သော် ရာမရကန်ကို ဦးတိုး မရေးမီ အခြားစာဆို တစ်ဦးရေးသော သီတာရကန် တစ်စောင် ရှိပြီဟု ယူစရာရှိသည်။ ဦးတိုးက ဆိုခဲ့သောကြောင့် သီတာရကန် ရှိခဲ့၏ဟု သိနိုင်ပါသည်။ စာကိုကား ယနေ့အထိ မတွေ့ခဲ့ကြသေးချေ။ သို့ရာတွင်ရှိခဲ့သည်ဟု သိရသောကြောင့် ဆက်၍သိနိုင်ခွင့်ရသည်မှာ အိန္ဒိယတွင် မယ်သီတာကို ချီးကျူး ဦးစားပေး၍ ဖွဲ့ခဲ့သော 'ဒေဝီရာမာယဏ'စာကို၊သို့မဟုတ် ထိုစာပါ အကြောင်းကို မြန်မာနိုင်ငံ၌ ရှေးယခင်ကပင် သိကြသူများရှိခဲ့ကြပြီဟု သိခွင့်ရခြင်းဖြစ်သည်။ယုတ်စွအဆုံး အင်းဝခေတ်ရှင် အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံ သူဌေးခန်းပျို့၏ နိဂုံးအရ၊ မြန်မာသက္ကရာဇ်-၈၈၉-ခုနှစ်၊ (၁၅၂၇) မတိုင်မီကပင်၊(ဝါ)၊ (ဇင်းမယ်)၊ လင်းဇင်း၊ ယိုးဒယား တို့ကို အောင်သောအခါ သဘင်သည် အချို့ကို ဆောင်ယူခဲ့သော (ဘုရင့်နောင် ကျော်ထင်နော်ရထာ) ဟံသာဝတီ ဆင်ဖြူများရှင်နန်း

မဇက်မိကပင် ဒေဝီရာမာယဏအကြောင်းကို သိခဲ့ကြပြီဟု ဆိုရာသည်။ ထိုမျှသာမက အိန္ဒိယတွင် ဟနုမန်က ရေးခဲ့ သယောင်ယောင် မှတ်ယူခဲ့ကြသော 'မဟာနာဋက' အကြောင်းကို လည်း ရှင်အဂ္ဂ သမာဓိပျို့ နိဂုံးအရပင် မြန်မာတို့ သိခဲ့ကြ သည် ဟု ဆိုရာသည်၊ ထိုစာနှစ်စောင်ကို မကြည့်ဖူးသေးသဖြင့် ထိုမျှလောက်သာ ဆိုနိုင်သည်။ ဤကား စာကားချပ်၊

ရွှေတိုက်စိုး ဦးတိုးအကြောင်းကို အထူးဆိုရန် လိုမည်မထင်ပါ။ ထင်ရှားသောစာဆိုဖြစ်ကြောင်း အများသိကြသည်။ သူ့ ရာမရကန်၏ ကဗျာဉာဏ် အကြောင်း ကိုလည်း အထူးဆိုရန် လိုမည်မထင်ပါ။ ထင်ရှားသော ကဗျာဖြစ်ကြောင်း အများသိကြသည်။ ဤစာတန်းတွင် ဦးအောင်ဖြိုး၏ ရာမ သာချင်းနှင့် ဦးတိုး၏ ရာမရကန်တို့ မည်သို့မည်ပုံ ဆက်သွယ် နေကြ သည် ကို သာ ဖော်ပြလိုသည်။ အချက် လေးချက် လောက်ကိုသာ ဖော်ပြလိုပါသည်၊

ပထမအချက်။ရာမရကန်၌ ရာမ ဇာတ်လမ်းကို အဆုံးမသတ်ခဲ့ခြင်းဖြစ်သည်၊ ရကန်၌ ရာမနှင့် သုကြိတ် တွေ့ကြ၍ သုကြိတ်က သူ့ဒုက္ခအကြောင်းကိုပြောပြပြီးသည့်နောက် ရာမက သီတာဒေဝီ ပျောက် ခြင်း မလှ ပျောက် ခဲ့ ကြောင်း ကို (သေမလ ကြေလေ ရှင်လေ မသိ၊ သတိသတင်း၊ အခင်းပလင်း၊ တစ်မုန်ညင်းမျှ၊ မကြား ရ သော ကြောင့်၊ စိတ်မချသာ၊ တစ်ချက်မှာလည်း၊ ရွှေသည်းချာကလေး၊ သေသေးဘူး ရှိသေး၊ တရေးရေး စိတ်က၊ ငါထင်လှလို့၊ ကြားမှ ကြားစမ်း၊ အောင်ချာနန်းကို၊ စက်ပန်းတုံ့မလှည့်ဘူး)ဟု ပြောသောအခါ သုကြိတ်က (ဒသဂီရိ၊ ဟိုလုံမိကို၊ ဆာပိဆာပူ၊ ဘယ်ဆီက ယူခဲ့သည်၊ လွှတ်လူပါကလား၊ သူ့မယားကို၊ ရထားနှင့် အသော့၊ တင်ခဲ့တော့ထင့်၊ ချော့လို့မော့လို့၊ အရိပ်ကို တွေးမေးသကို၊ ဘယ်နှယ်မှ သူမဆို၊ မပြောလို အနို့မိုင့်၊ မင့်ကိုယ်ပင်တိုင်၊ မယုံနိုင်ဘူး၊ မပိုင်ဝက်ကို၊ ဖျက်ခဲ့သည်ဖြစ်လျှင်၊ ဝက်သခင် မင်းဘိုးအေ၊ မလိုက်ဘဲ နေမလော့၊ သေပမည်၊ ဆုံးပမည်၊ ခေါင်းဆယ်လုံး ပြုန်းပါ့မည်)ဟု ဒသဂီရိကို ဆုံးမလိုက်ရကြောင်းကို သုကြိတ် လျှောက်တင်သည်။ ထို့ကြောင့် ရာမရကန်၌ ဒသဂီရိ လက်သို့ မယ်သီတာ ပါသော အခန်းအထိသာ ရေးခဲ့သည်ဟု သိနိုင်ပါသည်၊ သို့ရာတွင် ထိုအခန်းထိပါသော ဇာတ်လမ်းသည် ယေဘုယျအားဖြင့် ရာမ သာချင်း၏ ဇာတ်လမ်း အတိုင်း ဖြစ်သည်။

ဒုတိယအချက်။ရာမရကန်၌ ဇာတ်ခန်း ဇာတ်ကွက် အချို့ကို အမြွက်မျှသာ ရေးပြခဲ့ခြင်း ဖြစ်သည်။ ပုံစံမှာ ရာမ၊ သီတာ၊ ဒသဂီရိတို့၏ ဇာတိ အစရှိသော ဗာလပိုင်းဆိုင်ရာ လေးပုံ သုံးပုံခန့်လောက် ရှိသော အကြောင်းအရာတို့ကို (ပထမဦး၊ ပဟတ္ထူးက၊ ဖူးလို့နေအောင်၊ ပွေလီပြန်လျှင်လည်း၊ စာအန်ကျယ်ပွားလတ္တံ့၊ ကျိုးကာကဂဏ်၊ ကျူးလွန် မာန်စောင်၊ မည်းမှောင် ကြုတ်ကြုတ်၊ တစ်ဉဿဘ၊ ကြီးနိုင်မျှကို၊ ဆုံးမသည့်နောက်၊ မိုးမောက်ဘုန်းသျှံ၊ ရသေ့ထံမှာ၊ နန်းစံမည့်ရှင်၊ ပညာသင်၍၊ ပျော်ရွှင်တိုင်းမှာလည်း၊ ယဉ်ပိုင်းတန်းဖြတ်ကန့်လိမ့်၊ ကြာနန်း ဇာတိ၊ ခဲ့အောင် အိသည်၊ အမိသီတာ၊ ညိုလဲ့ပြာကို၊ လက်ဘဒိပ ကျွန်းကြီးရှင်၊ သော့ထပ် တစ်ရာ၊ သံသေတ္တာမှာ၊ သေချာ ကျိတ်လိတ်၊ အန္တာပိတ်၍၊ မြရိပ်ယဉ်တွေ၊ သမုဒ်ရေတွင်၊ မျှောလေသည့်ချက်၊ နယ်အကွက်နှင့်၊ ဇနကမင်း၊ မူလရင်းကိုလည်း ကြောစင်လွန်းမည့်ကြောင့်၊ တရတွန်း၊ မစီရင်ဘူး) ဟူသော အမြွက်ပြ စကားမျှဖြင့်သာ ပြခဲ့သည်။ အမြွက်ပြ စကားမျှသာ ဖြစ် သော် လည်း ရာမ သာချင်း ပါ စာ၏ သဘော အတိုင်းသာ ဖြစ်သည်ကို တွေ့ရသည်။ ထိုစာ၏ သဘောကို ဦးတိုး အတိအကျ သိမည်သာ ဖြစ်သည်။ အမြွက်မျှသာ ဦး တိုး ရေး ပြ ခဲ့ခြင်း သည် သူ

ဖွဲ့ချင်သော အခန်းတို့ကိုသာ ဝေဝေ ဆာဆာ ဆန်းဆန်းကျယ်ကျယ် ဖွဲ့ချင်သောကြောင့်လည်းကောင်း၊ ရကန်၏သဘာဝ အတိုင်း ဘုရားချီး၊ သကမျှချီး၊ သဇင်ဖန်းချီးစသော အချီးစကားတို့ကိုလည်းဖွဲ့ဖွဲ့နွဲ့နွဲ့ ဆိုချင်သောကြောင့် လည်းကောင်း ဖြစ်ရာသည်။

တတိယအချက်။ ။ရာမသာချင်းတွင် မယ်သီတာသည် မီးပုံဖြစ်ရာမြေမှတိုက်ရိုက် ပေါ်ကြောင်းဆိုခဲ့သည်၊ ရာမရကန်တွင် မယ်သီတာကိုဖွဲ့ရာ၌“ကြာနန်းဇာတိ”ဟုလည်းကောင်း၊ “ပန်းသန္ဓေရ” နတ်လောက်လှသည့်၊ မင်းသီတာ့စာဟု လည်းကောင်း၊ “ ရွှေသီမုဏ္ဍာ၊ လှမျှကြာကို” ဟု လည်းကောင်း ဖွဲ့ခဲ့သည်ဖြစ်ရာ၊ မယ်သီတာ၏ဇာတိသည် မီးပုံဖြစ်ရာမြေမှ ပေါ်လာသောကြာဖူးဇာတိ ဖြစ်သည်ဟု ဆိုနိုင်သည်။ မယ်သီတာ၏ ကြာဖူး ကြာပန်းဇာတိကို ဦးတိုးသည် အမှုမဲ့ အမှတ်မဲ့ ဆိုခဲ့သည်ဟု မထင်ပါ။ မြေမှပေါ်လာသော သီတာထက် မြေမှပေါ်လာသော ကြာဖူးသန္ဓေရ သီတာကို ဦးတိုး ပိုကြိုက်သောကြောင့် ဆိုခဲ့သည်ဟု ထင်ပါသည်၊ ရာမစာအချို့ရှိဥတ္တရပိုင်း၌ သီတာကို အမိမြေကပြန်ခေါ်သွားကြောင်းကို ထောက်ပြ၍ မြေမှဖွားသည်ဟုဆိုမှမှန်သည်ဟု ဆိုချင်သူက ဆိုနိုင်သော်လည်း ဦးတိုး၏ အကြိုက်ကြောင့် သီတာပိုယဉ်၍ ပိုနု၍ ပိုနွဲ့လာသည်ဟုလည်းဆိုနိုင်ပါသည်။ သိသမျှတွင် ကြာဖူးမှတစ်ဆင့် သီတာဖွားလာပုံကို ဝါလမိကီ၏ သက္ကတရာမာယဏ၌လည်းကောင်း၊ ဘင်္ဂါလီ၊ ဟိန္ဒီ၊ ကလယ်၊ ကသ္မီရ၊ ယိုးဒယား၊ ဂျာဗားရာမစာတို့၌လည်းကောင်း မတွေ့ခဲ့ချေ။ မြန်မာနိုင်ငံ၌ မဟာရာမ ဝတ္ထုတွင်လည်း တွေ့ရပါသေးသည်၊ ကြာဖူး၊ ကြာပွင့်၊ ဇာတိလည်း သင့်သည် ထင်ပါသည်။

စတုတ္ထအချက်၊ ။ရာမ သာချင်းတွင် ကာကဝဏ်ကိုနှိမ်ဖို့အရေး၌လည်းကောင်း၊၊ လေးတင်ပွဲသို့ လည်းကောင်း၊ ရာမမင်းသား တစ်ပါးတည်းသာ လိုက်ပါကြောင်း ဆိုခဲ့သည်။ ရာမရကန်၌ကား ရာမလက္ခဏ ညီနောင်နှစ်ပါးစလုံး လိုက်ပါကြသည်ကို တွေ့ရသည်။

ရွှေတိုက်စိုးဦးတိုး၏ ရာမရကန် ပေါ်ပြီးသည့်နောက်အမရပူရနန်းတော်၌ရာမဇာတ်ခင်းကျင်းကပြရန် ဇာတ်လမ်း ဇာတ်ကွက်တို့နှင့်တကွ တီးကွက်နှင့် ဇာတ်ချင်းတို့ကိုပါ သက္ကရာဇ် ၁၁၅၁ ခုနှစ် (၁၇၈၉)၌စတင်ရေးကြသည်ဟု သိရပါသည်။ (သက္ကရာဇ် ၁၁၅၁ ခု၊ နတ်တော် လ ပြည့် ကျော် တစ်ရက်နေ့၊ ဘုန်းတော်ကြီးလှသော အိမ်ရှေ့ဘုရား အမိန့်တော်နှင့် အယုဒ္ဓယတိုင်း ဌမ်းပြည်၊ ဟရိဘုဥ္စတိုင်း ယွန်းပြည်ပါ အရပ်ရပ် ဒက္ခာရီဇာတ်များကို ဌမ်းသံခံ၊ ယွန်းသံခံတို့နှင့် ညှိနှိုင်း၍ မြန်မာဘာသာသို့ ပြန်ဆိုစေရာ လုံးဝဥဿုံ ပြီးစီးသည်များကို နန်းတော်, အိမ်တော်များနှင့် သင့်လျော်မည် ဖြစ်သော ဇာတ်လမ်း၊ ဇာတ်ကွက်များဆို ရွေးချယ်၍ သီဆိုခင်းကျင်းကပြနိုင်ရန် ဇာတ်လမ်း ဇာတ်ကွက်အလိုက်ကဗျာလင်္ကာဇာတ်ချင်းများ အပြည့် အစုံ ဖြစ်အောင် ရေးလိုသူတို့ တာဝန် ယူကြသည့် ဇာတ်ခန်း ဝေပုံကျစာရင်းဘုရား) ဟူသော လင်းပင်မင်းသား၏ အမှတ်အသားတော်ဟုဆိုသော အမှတ်အသားကို ထောက်၍ သိရခြင်းဖြစ်သည်။ ထိုအမှတ် အသားကို အပြည့်အစုံ ဖော်ပြရန် လိုမည်မထင်ပါ။ ပညာဝန်ထောက် ဦးဖိုးစိန် ပြုပြင် စီစဉ်ရေးသားအပ်သော (ရာမသုံးမျိုး၊နန်းတွင်းရာမ၊ ပထမအုပ်) ၏‘ကျမ်းမွန်း’စာမျက်နှာ ၄-မှစတို့တွင် ဖော်ပြထားပြီးဖြစ်သည်။

အဆိုပါအမှတ်အသားကိုထောက်သော် အဆိုပါ အရပ်ရပ် ဒက္ခာရီ ဇာတ်များသည် မြန်မာ သက္ကရာဇ် ၁၁၂၉ ခု၊ (၁၇၆၇) ၌ ယိုးဒယားကို အင်း ၀ ဆင်ဖြူရှင်မင်းတော်

မှုပြီးသည့်နောက်အင်းဝသို့ ယူလာခဲ့သော ဇာတ်များဖြစ်၏ ဟု ဆိုနိုင်ပါသည်။ အဆိုပါ အမှတ်အသားတွင် အိနောင် ပြဇာတ်၊ ရာမပြဇာတ်၊ သမ္ဘပတ္တပြဇာတ်၊ ကေသာသီရိပြဇာတ်တို့ကို ရေးသားပြီးစီးကြောင်း ဖော်ပြထားသည်။ ထိုပြဇာတ်များ အတွက် တီးကွက် နှင့် ဇာတ်ချင်း ရေးသူများသည် ပဘာဝတီဘွဲ့ခံ သခင်မင်းမိ၊ပဥ္စမင်းသား၊ မဟာနန္ဒယော်ဓာ ဦးကျိုစိုး၊ မြဝတီမင်းကြီးဦးစတို့ ဖြစ်ကြောင်း ဖော်ပြ ထားသည်။ ဇာတ်အဖွဲ့အရာစကားနှင့် ကဗျာလင်္ကာ ရေးသူများသည် မလွန်မြို့စားမင်းသားမင်းရဲနန္ဒမိတ်၊ မိုးတားမြို့စား ဝန်ထောက် နေမျိုးကျော်စွာ၊ ရွှေတိုက်စိုးဦးတိုး၊ တောင်ငူမြို့စားမင်းသား သတိုးမွေရာဇာ တို့ ဖြစ်ကြောင်း ဖော်ပြထားသည်။

လင်းပင် မင်းသား၏ အမှတ်အသား၌ အချက် လေးချက်ကို သတိ ပြုသင့်သည် ထင်ပါသည်။ ပထမအချက်မှာ အယုဒ္ဓယတိုင်း ၛွမ်းပြည် ဟု ဆို ခဲ့ သော အချက် ဖြစ်သည်။ အယုဒ္ဓယတိုင်းဟူသည် အယုဒ္ဓယခေတ်ဟု ဆိုအပ်သော ခရစ် သက္ကရာဇ် ၁၃၅၀ မှ ၁၇၆၇ ခုနှစ်အထိ ရပ် တည်ခဲ့သော (ယခုခေတ်အခေါ် ထိုင်းနိုင်ငံ၏ အလယ်ပိုင်းနှင့် တောင် ပိုင်း ဒေသရှိ) ယိုးဒယားမင်းတို့၏နိုင်ငံဖြစ်သည်။ဦးကုလား၏ မဟာရာဇဝင် အရသော် ၁၈ ရာစုနှစ်တွင် ထိုနိုင်ငံကို"ဒွါရာဝတီ"မည်သော "ယိုးဒယားပြည်"ဟုလည်းကောင်း၊ "ယိုးဒယားမြို့ " ဟု လည်း ကောင်း ခေါ်ခဲ့ကြသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင် အရသော် ၁၉ ရာစုနှစ်တွင် ထိုနိုင်ငံကို" ယောနက အယုဇ္ဈတိုင်း တိလောက ဒွါရာဝတီ အမည်ရှိသော ယိုးဒယားပြည်ကြီး" ဟု လည်းကောင်း၊ " ယောနက အယုဇ္ဈတိုင်းဖြစ်သော ယိုးဒယားပြည်ကြီး" ဟုလည်းကောင်း ခေါ်ခဲ့ကြသည်။ ဤတွင် လင်းပင်မင်းသား၏ အမှတ် အသား၌ ဆိုခဲ့သော အယုဒ္ဓယတိုင်းသည် အထက်ကဆိုခဲ့သော ယိုးဒယားပြည်ပင်ဖြစ်သည်ဟုယူရန်ရှိသည်။ အယုဇ္ဈ တိုင်းဟူသော စကားကို အယုဒ္ဓယတိုင်းဟုပြောင်းခေါ်ခြင်းမျှသာဖြစ်တန်ရာသည်။

ထိုအခါအယုဒ္ဓယတိုင်း၊ အယုဒ္ဓယပြည် (နေပြည်) ဟု ဆိုသင့်ပါလျက် မဆိုဘဲ၊ အယုဒ္ဓယတိုင်း ၛွမ်းပြည်ဟု လင်းပင်မင်းသား၏အမှတ်အသား၌ဆိုခဲ့သဖြင့် ဆင်ခြင်ဖွယ်ဖြစ်လာသည်။ အဘယ့်ကြောင့်ဆိုသော် ၛွမ်း 'ကြွမ်း' ဟူသော ဝေါဟာရသည် ဝေါဟာရတ္ထပကာသနီအရသော် '၁၈ ရာစုနှစ်တွင်'လူမျိုးတစ်မျိုး၏ အမည်ဖြစ်သည်ဟု မြန်မာတို့ကသိခဲ့ကြသောကြောင့် ဖြစ်သည်။ 'ယိုဒယားပြည်ကြီး'ဝေါဟာရကိုသုံးခဲ့သော ကုန်းဘောင်ဆက် မဟာရာဇဝင်၌ပင် ယိုးဒယားပြည်မှာဘဏ္ဍာတော်အဖြစ် သိမ်းခဲ့သော ပစ္စည်းတစ်မျိုးကို (စိမ့်ပြည် ၛွမ်း ပြည် ဖြစ် ထည်မျိုးအုပ်မျိုး ဟု၁၉ရာစုနှစ်တွင် ခေါ်ခဲ့သည်ဖြစ်ရာ ၛွမ်းပြည်သည် ယိုးဒယားပြည် မဟုတ်သောတစ်ပြည်တစ်နိုင်ငံ ဖြစ်သည် ဟု အဓိပ္ပာယ်ပေါက်နေသောကြောင့်လည်းဖြစ်သည် ဤတွင်ၛွမ်းပြည်ပါ အရပ်ရပ်ဒေသာရီ ဇာတ်များသည်သီးခြားဖြစ်သော ၛွမ်းပြည် က ၛွမ်းလူမျိုး၏ စာ များ ဖြစ် လေသည်လောဟု အမေး ထုတ် ချင် စိတ်ဝင်လာမိသည်။

ၛွမ်းကို ရှေးခေတ်ခမာ (ယခုခေတ် ကမ္ဘောဒီးယား)ဟုပညာရှင်တို့သိကြသည်မှာ အထင်အရှား ဖြစ်သည်။ ထို့ပြင်ခမာတို့သည်မြန်မာတို့ကဲ့သို့ပင် ယိုးဒယားသမိုင်းနှင့် ဆက်စပ်လျက်ရှိသည်မှာလည်း အထင်အရှားဖြစ်သည်။ထို့ကြောင့် ခမာသမိုင်း၊ ယိုးဒယား သမိုင်းတို့ကို တစေ့တစောင်း ကြည့်၍အဖြေရှာချင်ပါသည်။ ရှာကြည့်ရအောင်။

(က) အယုဒ္ဓယတိုင်းတည်ရာဒေသသည် ၇-ရာစု နှစ်မှ စ၍ရှေးခေတ်မွန်တို့ တည်ထောင်ခဲ့သောဒေသဖြစ်ကြောင်း၊ ဒွါရာဝတီဟုခေါ်ကြောင်း၊ ၁၀ ရာစုနှစ်သို့ရောက်သောအခါ အရှေ့ဘက်ရှိခမာနိုင်ငံ ခမာမင်းတစ်ပါးက တိုက်ခိုက်သိမ်းယူသဖြင့် ဒွါရာဝတီသည် ခမာတို့၏ လက်အောက်ခံ ဖြစ်ခဲ့ကြောင်း၊ ထို့နောက် ၁၄ ရာစုနှစ်သို့ ရောက်သောအခါ မြောက်ဘက်မှ ဆင်းလာသော ယိုးဒယား 'ထိုင်း' မင်းသည် ဒွါရာဝတီကို ခမာတို့လက်မှတိုက်ခိုက်သိမ်းယူ၍အယုဒ္ဓယပြည်ကိုတည်ထောင်ခဲ့ကြောင်း၊ ၁၆ ရာစုနှစ်တွင် ဟံသာဝတီဆင်ဖြူများရှင် (ဘုရင့်နောင် ကျော်ထင်နော်ရထာ) တိုက်ခိုက်၍ နောက်ဆုံး ၁၈ ရာစုနှစ်၊ ၁၇၆၇ တွင် အင်းဝ ဆင်ဖြူရှင်ကတိုက်ခိုက်ရာ အယုဒ္ဓယပျက်၍ အယုဒ္ဓယခေတ်ကုန်ခဲ့ကြောင်း သိနိုင်သည်၊

(ခ) ခရစ်သက္ကရာဇ်၁၃၅၀မှ ၁၇၆၇ ခုအထိ ကြာမြင့်ခဲ့သော အယုဒ္ဓယခေတ်အတွင်းတွင် ထိုင်းမင်း တစ်ပါးသည် ၁၃၉၀ ပြည့်နှစ်၌ခမာနိုင်ငံကိုတိုက်ခိုက်၍ခမာပညာသည် အမျိုးစုံပါဝင်သောခမာသုံ့ပန်း၉၀,၀၀၀ ခန့်နှင့်ခမာအနုပညာ၊ခမာစာပေတို့ကိုအယုဒ္ဓယပြည်သို့သိမ်းယူခဲ့ကြောင်း၊ ထို့နောက်တစ်ဖန် ၁၄၅၁ခုနှစ်တွင် ထိုင်းမင်းတစ်ပါးသည် ခမာနိုင်ငံကို တိုက်ခိုက်၍ ရှေးနည်းအတိုင်း ခမာပညာသည်များနှင့် ခမာအနုပညာ၊ ခမာစာပေတို့ကိုအယုဒ္ဓယသို့သိမ်းယူခဲ့ပြန်ကြောင်း၊ ဤတစ်ကြိမ်တွင် ခမာမင်းတို့၏ နေပြည်တော်ဖြစ်သောအန်ကော်ဒုံပျက်စီး၍ မြို့သစ်ကို ခမာတို့တည်ထောင်ခဲ့ရကြောင်း သိနိုင်ပါသည်။

(ဂ) ထိုင်း ယဉ်ကျေးမှုနှင့် စပ်လျဉ်း၍ ထိုင်းသားတို့သည် မဆွကပင် ခမာ ယဉ်ကျေးမှုနှင့် ထိတွေ့ခဲ့ကြသဖြင့် အယုဒ္ဓယကို တည်ထောင်နိုင်ကြသောအခါ ခမာ ယဉ်ကျေးမှုအမွေအနှစ်ကို ရပြီး ဖြစ်ခဲ့ကြောင်း၊ ခမာယဉ်ကျေးမှု၏ လက္ခဏာတို့သည် ထိုင်းသားတို့၏ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာဓလေ့ထုံးစံတို့၌ လည်းကောင်း၊ ထိုင်း ဗိသုကာ အနုပညာတို့၌လည်းကောင်း၊ ထိုင်းဘာသာစကားနှင့် စာပေတို့၌လည်းကောင်း စိမ့်ဝင်ပြီးဖြစ်ခဲ့ကြောင်း၊ ခမာဝေါဟာရအမြောက်အမြားကို ထိုင်း ဘာသာစကား၌ ထည့်သွင်း သုံးစွဲနေကြပြီဖြစ်ကြောင်းတို့ကို အရှေ့တောင်အာရှ ယဉ်ကျေးမှုသမိုင်းဆရာတို့၏ အဆိုအမိန့်များ၌ တွေ့နိုင်သည်၊

(ဃ) အယုဒ္ဓယခေတ်ဦးမှ စ၍ ခမာလူမျိုးအများအပြားသည် အယုဒ္ဓယတိုင်း၌ ရှိနေကြပြီ ဖြစ်ကြောင်း သိရပါသည်၊ ၁၉၅၇ ခုနှစ်၊ ထိုင်းနိုင်ငံလူဦးရေစာရင်း၌ ခမာလူမျိုးပေါင်း ၂ သိန်းနီးပါးခန့် (အချို့ကလည်း ၄ သိန်းလောက် အထိ) ထိုင်းနိုင်ငံ၌ရှိနေကြကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်၊

အထက်ပါ အကြောင်းများ ကြောင့် လင်းပင်မင်းသား၏ အမှတ်အသား အရ အယုဒ္ဓယ တိုင်း ဍွမ်းပြည်ပါ အရပ်ရပ် ဒဏ္ဍာရီဇာတ်များသည် ခမာနိုင်ငံမှ ရှေးမဆွကပင် ထိုင်းသားတို့ရခဲ့ကြ၍ ထိုင်းပညာသည်တို့ သုံးစွဲနေကြသော ခမာတို့၏ စာများ ဖြစ်ကြလေမည်လောဟု မေးချင်စိတ် ဝင်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ ခမာတို့၏စာ ဖြစ်နိုင်သည်ဟု ထောက်လိုလျှင် မည်သည့်ဇာတ်ဖြစ်နိုင်သနည်း။ ရာမဇာတ်ဖြစ်နိုင်သည်ဟုဆိုချင်သည်။ အဘယ်ကြောင့်ဆိုသော် ၁၄ ရာစုမတိုင်မီကပင် ခမာတို့၌ ရာမ ဇာတ် ရှိခဲ့သောကြောင့်ပင်။ ခမာ ရာမ အပြည့်အစုံကို မတွေ့ဘူးသေးပါ။ အနည်းအကျဉ်း လောက်သာ တွေ့ဖူးပါသည်။ သို့ရာတွင် ရာမကီတ္တိ (ဝါ) ရာမကီအင်ခေါ် ထိုင်းရာမဇာတ်နှင့် တူသည်ဟု သိရသည်။ အကယ်၍ အထက်ပါ ဆင်ခြေစကားတို့သည် ခေါင်လှသည်ဟုဆိုချင်လျှင်

လင်းပင် မင်းသား၏ အမှတ်အသား၌ အယုဒ္ဓယတိုင်း၊ အယုဒ္ဓယပြည်ကို အယုဒ္ဓယတိုင်း ၛွမ်းပြည်ဟု အမှတ်တိမ်း ယိမ်းခဲ့သောကြောင့် ဖြစ်တန်ရာသည်။ ထိုသို့လည်း မဖြစ်နိုင်ဟုထင်ပါသည်။ သို့ရာတွင် အင်းဝသို့ ရောက်လာသော ရာမဇာတ် ဆိုင်ရာ စာဧပသည့် အယုဒ္ဓယမှပါလာသော စာပေဖြစ်သည်ကိုကား ငြင်းဖွယ်မရှိချေ။

ဒုတိယအချက်မှာ လင်းပင် မင်းသား၏ အမှတ်အသား၌ "ဟရိဘုဥ္စတိုင်း၊ ယွန်းပြည်ပါ အရပ်ရပ် ဇဏ္ဍာရီဇာတ်များ" ဟု ဆိုခဲ့သော အချက်ဖြစ်သည်။ ထိုအချက်သည် ရှင်းပါသည်။ ဇာတ်အချို့သည် ဇင်းမယ်ကဇာတ်များ ဖြစ်နိုင်သည်မှာ အထင်အရှားဖြစ်သည်၊ ဇင်းမယ်သမိုင်းကို ကြည့်လျှင် ထိုခေတ် ထိုင်းနိုင်ငံ၏ မြောက်ပိုင်း ဒေသသည် ၇–ရာစုနှစ်မှစ၍ ရှေးခေတ် မွန်တို့တည် ထောင် ခဲ့ ကြ သော ဟရိဘုဥ္စတိုင်းတည်ရာဒေသဖြစ်ကြောင်း၊ ဒွါရာဝတီကဲ့သို့ ပင် ခမာမင်းတို့၏ အတိုက်အခိုက်ကို ခံရ၍ ခမာမင်းတို့၏ လက်အောက်ခံနိုင်ငံ ဖြစ်ခဲ့ကြောင်း၊ ၁၃ ရာစုနှစ်သို့ ရောက်သောအခါ မြောက်ဘက်က ယွန်းမင်းတစ်ပါးသည်ဟရိဘုဥ္စတိုင်းကိုတိုက်ခိုက်သိမ်းယူ၍ ၁၂၉၆ ခုနှစ်တွင် ဇင်းမယ်ကိုတည်ထောင်ခဲ့ကြောင်းဇင်းမယ် ပဏ္ဏာသခေါ် ဇင်းမယ်ဇာတ်ငါးဆယ်သည် ယွန်းဘာသာဖြင့် ရေးပြီးရှိကြောင်းသိနိုင်သည်။ ထို့ကြောင့်ဟရိဘုဥ္စတိုင်း ယွန်းပြည်ပါ ဇာတ်များဟု ဆိုခဲ့ရာတွင် ထိုဇာတ်များသည် ယွန်းဘာသာရေးဇင်းမယ်ပဏ္ဏာသ မှဖြစ်သည်ဟု ဆိုနိုင်ပါသည်။

တတိယအချက်မှာ လင်းပင် မင်းသား၏ အမှတ်အသား၌ ၛွမ်းပြည်ပါ၊ ယွန်းပြည်ပါ ဇာတ်များကို (ၛွမ်းသံခံ၊ ယွန်းသံခံ တို့နှင့် ညှိနှိုင်း၍ မြန်မာဘာသာ ပြန်ဆိုစေရာ လုံးဝဥဿုံပြီးစီးသည်များကို)ဟုဆိုခဲ့သောအချက် ဖြစ်သည်။ထိုအချက်ကိုထောက် သော် ၛွမ်းသံခံ၊ယွန်းသံခံဆိုသူတို့သည် မြန်မာဘာသာ၊ ၛွမ်းဘာသာတတ်သူ မြန်မာဘာသာ၊ယွန်းဘာသာတတ်သူတို့ ဖြစ်ကြောင်း ထိုသူတို့က သော်လည်းကောင်း၊ ထိုသူတို့နှင့် ညှိနှိုင်း၍ သော်လည်းကောင်း၊ အဆိုပါဇာတ်များကို မြန်မာဘာသာပြန်ခဲ့ကြောင်း သိနိုင်သည်၊သို့ရာတွင်မြန်မာဘာသာ ပြန်တို့သည် ပါရင်းပြဇာတ် ပုံစံအတိုင်းဖြစ်သလော၊ ပါရင်းစကားပြေ ဝတ္ထုပုံစံအတိုင်းဖြစ်သလောစုံစမ်းစရာဖြစ်လာသည်။စုံစမ်းမိသမျှ သိရသည်မှာ ဤသို့ဖြစ်သည်၊ ဇင်းမယ် ပဏ္ဏာသဆိုလျှင် ယွန်းဘာသာစကားပြေ ဝတ္ထုပုံစံအတိုင်းဖြစ်သည်ဟုဆိုနိုင်သည်။ ထိုသို့မဟုတ်လျှင် ထိုင်းဘာသာရေး ပြဇာတ် ပုံစံအတိုင်း ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ အဘယ့်ကြောင့် ဆိုသော် အယုဒ္ဓယ မင်း မဟာ ဓမ္မ ရာ ဇာ (၁၇၃၃–၁၇၅၈) လက်ထက်၌ ဇင်းမယ် ပဏ္ဏာသထွက် ပြဇာတ် ၁၄ ပုဒ်ကို ရေးခဲ့သည်ဟု သိရသောကြောင့် ဖြစ်သည်၊ရာမဆိုလျှင် အယုဒ္ဓယခေတ်၌ ရေးခဲ့ကြ၍အယုဒ္ဓယ အပျက်တွင်အယုဒ္ဓယ၌ အနည်း အကျဉ်းသာ ကျန်ခဲ့သည်ဟု ဗန်ကောက်ခေတ်၊ နှောင်းယိုးဒယားပညာရှင်တို့ ဆိုမိန့်ကြသည်၊ယင်းတို့သည်ရာမဇာတ်ဆိုင်ရာ တေးကဗျာအချို့ ဇာတ်စကားအချို့တို့ဖြစ်သည်။ယင်းအချို့တို့ကို ထောက်ခြင်း အားဖြင့် ရာမ ဝတ္ထုကြောင်း အစ, အလယ်, အဆုံးပါလာသည်ဟု မဆိုနိုင်ချေ။ ပြဇာတ်ပုံစံအတိုင်းဖြစ်မည်လောဟုတွေးဖွယ် ဖြစ်ပြန်သည်။ သို့ရာတွင် အဆိုပါ တေးကဗျာနှင့် ဇာတ်စကား တို့သည် ယိုးဒယားဇာတ်သဘင်၏ အ လေ့အလာအတိုင်း ဇာတ်ခုံ၌ကပြသူများကရွတ်ဆိုသီဆိုကြသော စာများမဟုတ်။ဇာတ်ခုံ၌ကပြနေကြစဉ် ဆိုင်းဝိုင်းထဲမှ အဆိုတော်များကလည်းကောင်း၊ စာပြောသူဒလန်များကသော်လည်းကောင်း ရွတ်ဆိုသီဆိုပေးကြရသော စာများသာဖြစ်သည်ဟု သိရသည်။

စတုတ္ထ အချက်မှာ လင်းပင်မင်းသား၏ အမှတ်အသား၌ဇာတ်တို့ကို မြန်မာဘာသာ

ပြန်သောကိစ္စ ပြီးသောအခါ မြန်မာပညာရှင် ရှစ်ဦးအဖွဲ့သည်နန်းတော်အိမ်တော် နှင့်သင့် လျော်မည်ဖြစ်သောဇာတ်ခန်းဇာတ်ကွက်တို့ ကိုရွေးချယ်၍ သီဆိုခင်းကျင်း ကပြ နိုင်ရန် ဇာတ်ခန်းဇာတ်ကွက်အလိုက် ကဗျာ လင်္ကာ ဇာတ်ချင်းများအပြည့်အစုံဖြစ်အောင်ရေး ရ သည်ဟု ဆိုခဲ့သော အချက်ဖြစ်သည်။ ထို အချက်ကို ထောက်လျှင် မြန်မာဘာသာပြန်၍ ပြီးစီးသော စာများမှမြန်မာဇာတ်သဘင်တို့ လိုက်နာကျင့်သုံးလေ့ရှိသော မြန်မာ့ အစဉ် အလာ ဇာတ်ပွဲ ခင်းကျင်း ကပြပုံများ နှင့် လည်းကောင်း၊ မြန်မာ့ထီးနန်း၏အကြိုက်နှင့် လည်းကောင်း သင့်လျော်သောဇာတ်လမ်း ဇာတ်ကွက်တို့ကို ရှစ်ဦးအဖွဲ့က ရှေးဦးစွာ ရွေးချယ်ခဲ့ကြသည်ဟု ယူသင့်သည်၊ ထို သို့ ရွေးချယ်ပြီးကြသောအခါမှာမှ ရွေးချယ်ပြီး ဖြစ်သော ဇာတ်ခန်း ဇာတ်ကွက် အလိုက် သက်ဆိုင်ရာ ကဗျာ လင်္ကာဇာတ်ချင်းများ ကို မိမိတို့အလိုကျအတိုင်းရေးစပ်ကြသည်ဟု သိနိုင်ပါသည်၊ ဤ သဘော အ တိုင်း သာ အိမ်ရှေ့မင်း၏ ရှစ်ဦးအဖွဲ့သည် အမရပူရ မြို့တော်တွင် သက္ကရာဇ် ၁၁၅၁-၁၁၅၂ ခု တို့၌ ရာမပြဇာတ်ကို ရေးခဲ့ကြသည်ဟုဆိုချင် ပါသည်။ သို့ရာတွင် ရှစ်ဦးအဖွဲ့က ရေးသား ပြီးစီးခဲ့သည်ဆိုသော ရာမပြဇာတ်ကို ရှစ်ဦး အဖွဲ့၏ စာအဖြစ်ဖြင့်ကား ယနေ့တိုင် မတွေ့ ရသေးချေ။ ဤအကြောင်းကို သညာသည် အစုရေးနေမျိုးနာ၄ကကျော်ခေါင်ရေးသား ပြုပြင်သော ရာမဇာတ်အကြောင်းသို့ ရောက် ခါမှ ဆက်၍ ဆိုပါဦးမည်။

သက္ကရာဇ် ၁၁၅၁ ခုတွင် အိမ်ရှေ့မင်း၊ အမိန့်တော်နှင့် ရေးသားပြီးစီးသည်ဆိုသော ရာမပြဇာတ် ပေါ်ပြီး သည့် နောက် မြန်မာ သက္ကရာဇ် ၁၁၆၂ ခုနှစ် (၁၈၀၀) တွင် ကလယ်ရာမဝတ္ထုတစ်ပုဒ်ပေါ်ခဲ့သည်ဟုသိရ ပါသည်။ (မန္တလေးမြို့ အကူသုတေသန အရာရှိ မဟာ ဝိဇ္ဇာဘွဲ့ရ ဦးမောင်မောင် တင်)၏ "ဗလိနှတ်စာကျွေးစာ" ဟုကမှည်း ထိုးထားသော ပုရပိုက်ဟောင်း တစ်ဆူတွင် ("ရာမဝတ္ထုမှတ်စု"။ ။၁၁၆၂ ခု၊ မြဲထဲ မင်းကြီးသည် ကျေး ကုလားတို့ ဘာ သာ ရေးမှ မြန်မာဘာသာပြန်၍ အ ရပ် ဒ ကာ ဦးဘိုကဆက်သည်။ အင်္ဂါရေ ၄၆ အင်္ဂါရှိ သည်။ ကလယ်ရာမ ခေါ်ဝေါ်သည်) ဟု ရေးမှတ်ထားသည်ကိုတွေ့ရသည်။ ပုရပိုက် အရွယ်သည် အလျား ၁၅ လက်မ၊ အနံ ၆ လက်မဖြစ်သည်၊ စာမျက်နှာ ၂၆ ရှိသည်၊ ၁၁ ကြောင်းရေးပုရပိုက်ဖြစ်သည်။ ပုရပိုက် တွင် မှတ်စုသဘောလောက်သာ ရေးထား သည်ကိုတွေ့ရသည်။ အ ချို့ အချက်များ၌ ရာမသားချင်းနှင့် လုံးဝမတူသည်ကို တွေ့ ရ သည်။ ပုံစံပြရသော် လေးတင်ပွဲ၌ ဒသဂီရိ မပါခြင်း၊ ဒသဂီရိ၏ ဦးရိုးတော် မရိသံက ရွှေသမင်ယောင်ဆောင်ခြင်း စသည်တို့ ဖြစ် သည်၊ ၄၆ အင်္ဂါမျှရှိသည်ဆိုသော ကလယ် ရာမ ဝတ္ထုစာကိုယ်ကိုမူ ယနေ့အထိ မတွေ့ရ သေးချေ။

ထို့နောက် မဟာရာမဝတ္ထု (မြန်မာ နိုင်ငံ သုတေသနအသင်းက ပုံနှိပ်) ပေါ်ခဲ့ သည်၊ ထိုဝတ္ထုသည် ၁၉ ရာစုနှစ်ဦး၌ ပေါ် စရာအကြောင်းရှိ၏ ဟု ခန့်မှန်း၍ ယာယီ သဘောအားဖြင့်ယူထားသည်၊ ဝတ္ထုရေး သူ၏အမည်မပါ၍ မသိရ၊ ဝတ္ထု၏ နိဂုံး၌ ဝတ္ထုရေးသူက "မဟာ ရာမ ဇာတ် ဝတ္ထု ကြီးကား ဤတွင် ပြီးပြည့်စုံပြီ" ဟု ဆိုထား သည်၊ မြန်မာရာမ စာအမျိုးမျိုးရှိသည်ဖြစ် ရာ ထိုစာကိုအမှတ်ရ အခေါ်ရလွယ်အောင် ဝတ္ထု၏နိဂုံးပါ "မဟာရာမ" အမည်ကို ပုံနှိပ်စာအုပ်၌ သုံးခဲ့ပါသည်။

မဟာရာမသည် ယခင်က ရှိခဲ့ဖူးသော ဝတ္ထုမူဟောင်းကို ပြုပြင် စီရင်ထားသော ဝတ္ထုမူသစ်ဖြစ်၏ဟု သိရပါသည်၊ အဘယ့် ကြောင့်ဆိုသော် မဟာ ရာမ၏ အစပိုင်း၌ (အကျွန်ုပ်သည် ခပ်သိမ်းသောသူတို့၏နှလုံး မွေ့လျော် ပျော်ဖွယ်ရှိသော ရာမဇာတ်ဝတ္ထု မူဟောင်းကို ထပ်လောင်း ဥာဏ်စွက်၍စီရင်

ချွဲထားပေအံ့။ ရှေးရှေးသော ဆရာ့ဆရာတို့သည် နောင် လာလတ္တံ့သောသူတို့အား ကြည့်ရှု မှတ်သားရန်ဖြစ်သော ရာမဇာတ်ဝတ္ထုကိုပြုစု၍ထားခဲ့သောစာသည်အဓိပ္ပာယ် သွားငုပ်၍ စကားဇာတ်လုံးမပေါ် ရှိသည်။ အပြောအဆို စာသွားစာစပ်လည်း ရိုးသားသည်။ ယင်းသို့ဖြစ်၍ အဓိပ္ပာယ် ဇာတ်လုံးကို ထင်ထင်မြင်မြင်သိသိသာသာ ခြားခြားနားနား စကားပေါ်စေလျက်၊ ကဗျာသုခရှိဖွယ်ဖြစ်သော စကားနု စကားယဉ်တို့ကို စီစဉ်အောင် သွတ်သွင်းပြီးလျှင် ရှင်လှသော ရာမဇာတ် ဝတ္ထုမူသစ်ကို စီရင်ပေအံ့) ဟု ဝတ္ထုရေးသူက ဆိုခဲ့သောကြောင့်ဖြစ်သည်။

ဝတ္ထုမူဟောင်းရော၊ မူသစ်ပါမည်သည့် ခေတ်ကပေါ်ခဲ့သည်ဟု ကေန်ကေမသိရပါ။ မြန်မာရာမဆိုင်ရာအရေးအသားတို့၌ရှိသော ဇာတ်ခန်းဇာတ်ကွက် တို့ကိုလည်းကောင်း၊ စာသွားစာလာ တို့ကိုလည်းကောင်း လေ့လာ၍ အခြေရှာရန်လိုပေလိမ့်ဦးမည်။ ယခုလောလောဆယ် ၌ကား ဝတ္ထု မူဟောင်းသည် ဦးအောင်ဖြိုး၏ ရာမသာချင်း ပေါ်ပြီးမှ ရေးသောစာဖြစ်သည်ဟု ယူချင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဝတ္ထု မူဟောင်း၌ အဓိပ္ပာယ်ငုပ်ခြင်း၊ ဇာတ်လုံးမပေါ်ခြင်း၊ စာသွားစာစပ် ရိုးသားခြင်းတို့ရှိကြောင်းကိုသာ မူသစ်ဆရာကဆိုခဲ့၍ ဇာတ်ခန်း၊ ဇာတ်ကွက် အသစ်အဟောင်းအနည်းအများအကြောင်းကို မဆိုခဲ့သောကြောင့်ဖြစ်သည်။ ထိုသို့မဆိုခဲ့သောကြောင့် ဝတ္ထုမူဟောင်းတွင် ဝတ္ထုမူသစ်မှာကဲ့သို့ပင် ယုဒ္ဓပိုင်း၌ ရာမ၊ ဒသဂီရိ တို့၏ တိုက်ပွဲသစ် အပိုအမိုပါပြီး ဖြစ်မည်ဟုလည်းကောင်း၊ ဝတ္ထု မူသစ်မှာ ကဲ့သို့ပင် အပိုင်းသစ်ဖြစ်သော ဥတ္တရပိုင်းပါပြီးဖြစ်မည်ဟု လည်းကောင်း၊ ယူနိုင်သည်။ ဝတ္ထုမူဟောင်း၌ တိုက်ပွဲသစ် အပိုအမိုလည်း ပါ၍အပိုင်းသစ်လည်းပါသည်ဆိုလျှင်ထိုဝတ္ထုမူဟောင်းကို တိုက်ပွဲသစ်များလည်း မပါ၍ ဥတ္တရပိုင်းလည်း လုံးဝ မပါသော ရာမသာချင်းပေါ်ပြီးမှရေးသည်ဟုယူရတော့မည်သာဖြစ်သည်၊ ထို့ကြောင့် ဝတ္ထုမူသစ် ဖြစ်သော မဟာရာမကို ဦးအောင်ဖြိုး၏ ရာမသာချင်းပေါ်ပြီးသည့်နောက်ပိုင်းမှသာ ရေးခဲ့သည်ဟု ယူချင်ကြောင်း ဆိုခဲ့ခြင်း ဖြစ်သည်။ ဦးတိုး၏ ရာမရကန်၊ မြေထဲမင်းကြီး၏ ကာလယ်ရာမဝတ္ထုတို့ ပေါ်ကြပြီးမှ ရေးခဲ့သည်ဟုပင် ဆိုနိုင်သည့် ထင်ပါသည်။

ရာမဝတ္ထု မူသစ်ဖြစ်သော မဟာရာမဝတ္ထုကို အပိုင်း(ကဏ္ဍ) အလိုက်ခွဲ၍ ကြည့်လျှင် ဗာလပိုင်းမှ ဥတ္တရပိုင်းအထိ ခုနစ်ပိုင်းအပြည့်ပါသည်ကိုတွေ့ရသည်။ ရာမသာချင်းတွင် ဗာလပိုင်းမှ ယုဒ္ဓပိုင်းအထိ ခြောက်ပိုင်းသာပါသည်။ ရာမသာချင်း၌ ပါသော ခြောက်ပိုင်းဆိုင်ရာ ဇာတ်ခန်း၊ ဇာတ်ကွက်တို့ကို မဟာရာမတွင် အကုန်တွေ့ရသည်၊ တွေ့ရသမျှဖြစ်သော ဇာတ်ခန်း၊ ဇာတ်ကွက်တို့သည် ရာမသာချင်းပါ ဇာတ်ခန်း ဇာတ်ကွက်တို့အတိုင်း ဖြစ်သည်။ အချို့သော အမည်နာမ ကိစ္စ၊ ဇာတ်ခန်း ဇာတ်ကွက်အတွင်းရှိ အချို့သော အနုစိတ် ကိစ္စတို့၌သာ သိုးကာ သီကာ ကွာကြသည်ကိုတွေ့ရသည်၊

ပုံစံပြရသော်—အမည်နာမ ကိစ္စတွင် ရာမသာချင်းပါ ဇူရန္တက ဘီလူးကို မဟာရာမ၌ ဇူရဏ္ဍပုသျှဟု ဆိုသည်။ နိဂမ္ဘီကို ဂန္ဓီဟုဆိုသည်။ ဂန္ဓမာဒနတောင်က နတ်သမီးကို ကေလာသဘ တောင်က ဂန္ဓဗ္ဗနတ်သမီးဟု ဆိုသည်။ ဇာတ်ခန်းဇာတ်ကွက်တွင်း အနုစိတ် ကိစ္စတွင် မြေကြီးမှ သီတာပေါ်လာသည် ကို မြေကြီး၌ ပေါက် လာ သော ကြာဖူးမှ သီတာဖွားလာသည်ဟု ဆိုသည်။ သီတာကို ဒသဂီရိဆောင်သွားကြောင်းသာ သုကြိတ်ကပြောသည်ကို မြတ်ဘက်ပြန်၍ပြောသည်ဟုဆိုသည်၊ သိဿုပြည်ကို မီးရှို့ပြီး နောက် ဟနုမန် သပြေပန်းပန်လျက် ပြန်လာသည်ကို ဟနုမန် ပြန်လာသည်ဟုသာ ရိုးရိုးဆိုသည်၊

မဟာရာမဝတ္ထု၌ ထူးလာသည်မှာ ရာမနှင့် ဒသဂီရိတို့၏ စစ်မက်အရေး (ယုဒ္ဓပိုင်းတွင်) ဇာတ်ခန်း ဇာတ်ကွက်သစ် လေးခု (ဝါ) တိုက်ပွဲသစ် လေးပွဲ အပိုပါလာခြင်း ဖြစ်သည်။

၁။ သူရာဂုမ္ဘန်ဘီလူးနှင့်တိုက်သောပွဲ

ရာမကိုတိုက်မည့်သူရာဂုမ္ဘန်သည် အလွန်တန်ခိုးကြီးသောသန်လျက်ကို ပင်လယ်ကမ်း၌သွေးသဖြင့် သမုဒ္ဒရာသည် သွေးချင်းချင်းနီလာသည်၊ ထိုအချင်းအရာကို မြင်ကြသောအခါ ဗိဘီဇနက ရာမအား သူရာဂုမ္ဘန်သည် အပုပ်နံ့ကို ရလျှင် သန်လျက်သွေး ဖြစ်မည်မဟုတ်ကြောင်း လျှောက်သည်။ ထိုအခါ ဂမုတ္တရမည်သော မျောက်သည် ခွေးသေပုပ်ယောင်ဆောင်၍ သူရာဂုမ္ဘန်ရှိရာသို့ မျောချသည်၊ အပုပ်နံ့ကိုကြောက်သောသူရာဂုမ္ဘန်ထပြန်သောအခါ လက္ခဏာက လေးဖြင့်ခွင်းသည်။

၂။ မှန်ပြဘီလူးနှင့်တိုက်သောပွဲ။ ။

မှန်ပြဘီလူး၏ မျက်စောင်းသည် တန်ခိုးကြီးသည်၊ မျက်စောင်းအညိုတ်ကို ခံရသူသည် ပြာဖြစ်သည်။ စစ်မြေပြင်သို့မှန်ပြဘီလူး ဝင်လာသောအခါ ဟနုမန်သည် ကြေးမုံကို အဝေးမှနေ၍ ထောင်ပြသည်၊ မှန်ပြဘီလူးသည် ကြေးမုံ၌ သူ့မျက်စောင်း၏ အရိပ်ကို မြင်မိလျက်သားဖြစ်သဖြင့် မှန်ပြဘီလူး ပြာဖြစ်သည်၊

၃၊ ယက္ခနီယဘီလူးမ၏စစ်ပရိယာယ်

ဘီလူးမ သည် သီတာဒေဝီ အမှလောင်းကောင်ဆောင်၍ ရာမတို့ရှိရာသို့ မျောသည်၊ ရာမတို့ မြင်ကြသောအခါ ငိုကြွေးကြသည်။ ဗိဘီဇနက အလောင်းကို မီးရှို့ခိုင်းသည်၊ မီးလောင်သောအခါ ဘီလူးမသည် လိပ်ပြာယောင်ဆောင်၍ ကောင်းကင်သို့ ပြန်တက်သည်၊ ဟနုမန်လိုက်ဖမ်း၍ မိသည်။

၄၊ ဂုမ္ဘဒီပဘီလူးနှင့်တိုက်သောပွဲ၊ ။

ဂုမ္ဘဒီပသည် မြေအကြား၌ နေသော ဘီလူးဖြစ်သည်။ အလင်း၊ အမှောင် တို့ကို စီရင်တတ်သူဖြစ်သည်။ ထိုအတတ်ဖြင့် ရာမကို ခိုးယူ၍ မြေအောက်၌ ထားသည်၊ ဟနုမန်သည်ရောက်အောင်သွားသည်။ ရာမကိုမသတ်ခင်ယဇ်ပူဇော်ပွဲ၌ ရာမကိုဦးညွှတ်စေမည်ဟု ဂုမ္ဘဒီပစီစဉ်ထားသည်၊ ထိုအစီအစဉ်ကိုသိသော ဟနုမန်သည် ရာမကိုတွေ့အောင်ရှာ၍ တွေ့သည်။ ဂုမ္ဘဒီပက ဦးအညွှတ် ခိုင်းသော အခါ ငါမင်း ဖြစ်၍ ဦးမညွှတ်တတ်သဖြင့် ဦးညွှတ်ပုံကိုပြပါဦးဟု ဆိုရန် ဟနုမန်က ရာမကို သင်ပေးသည်၊ ပွဲနေ့တွင် ဂုမ္ဘဒီပသည် ရာမက ဆိုသည့်အတိုင်း ဦးညွှတ်၍ ပြသောအခါ ဟနုမန်သည် ပုန်းရာမှထွက်၍ ဂုမ္ဘဒီပကိုခုတ်သည်။ ထို့နောက် ဟနုမန်သည် ရာမကိုထမ်းလျက်ပြန်လာသည်။

မဟာရာမ၌ ပို၍ထူးလာသည်မှာ ဥတ္တရကဏ္ဍ အပိုင်းသစ် ပါလာခြင်း ဖြစ်သည်။ မဟာရာမ၏ ဥတ္တရပိုင်းတွင် ဒသဂီရိကို အောင်ပြီး၍ သီတာဒေဝီ မီးပုံ၌ဆင်းပြပြီးသည့်နောက် ရာမသည် မီးမခံသော သီတာဒေဝီနှင့်အတူ အယုဒ္ဓယသို့ပြန်၍ နန်းစံပုံ၊ သီတာမိဖုရား၏သားတော်လောနနှင့်ကုသ တို့၏ ပဋိသန္ဓေရှိလာပုံ၊ ထိုနောက် ရာမမင်းသည် သီတာကို အထင်မှား၍ပြည်နှင်ပုံ၊ သီတာသည် ဘိုးတော် ဗာလမိဂ ကျောင်းသခ်မ်းသို့ရောက်၍ ဆယ်လစေ့သော အခါ လောနနှင့် ကုသအမြွှာညီနောင်ကိုဖွားမြင်ပုံ၊ သားတော်တို့ ကြီးပြင်းလာ၍ အတတ်ပညာတို့ကို တတ်လာကြပုံ၊ ထိုအချိန်အခါတွင်ရာမမင်းသည် စကြဝတေးမန္ဓာတ်မင်းဘွဲ့ ကို ခံယူလိုသဖြင့် အပြည်ပြည်ထောင် မင်းအပေါင်းတို့သို့ မြင်းတော်ကို လွှတ်၍ သစ္စာတောင်းပုံ၊ မင်းအပေါင်းတို့၏ သစ္စာကိုရပြီးသည့်နောက် အယုဒ္ဓယသို့အပြန်တွင်

Click Here To Continue Page